# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်　　၂၀၂၄ ခုနှစ်၊ ဩဂုတ် ၉ ရက်၊ သောကြာနေ့　　အတွဲ (၆၃)၊ အမှတ်(၃၀၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H. E. Mr. Deng Xijun အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ ရင်းရင်းနှီးနှီးဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H. E. Mr. Deng Xijun အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် ဩဂုတ် ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijun အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ✻*

**ယနေ့ ဖတ် စ ရာ**


ဘင်းမ်စတက်အဖွဲ့အတွင်းက မြန်မာနိုင်ငံ　ဆောင်းပါး　စာ ၆

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်　ပြည်တွင်းသတင်း　စာ ၁၁

အီသီယိုးပီးယားနိုင်ငံ၌ လူပေါင်း ၁၀ သန်းကျော်ကို ကာလဝမ်းရောဂါကာကွယ်ဆေး တိုက်ကျွေး　နိုင်ငံတကာသတင်း　စာ ၁၃

**❑ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ အခြားငွေကြေးလိမ်လည်မှုနှင့် တရားမဝင်လုပ်ငန်းများ ပပျောက်စေရေး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး**

*ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့်တာဝန်ရှိသူတို့ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့်သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ အခြားငွေကြေးလိမ်လည်မှုနှင့် တရားမဝင်လုပ်ငန်းများ ပပျောက်စေရေး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်တွင် အများပြည်သူလေ့လာနိုင်ရန် ရှားပါးပရဆေးပင်များ စိုက်ပျိုးပြသ



နေပြည်တော် ဩဂုတ် ၈

**ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ညနေပိုင်းက နေပြည်တော်၊ အမျိုးသားပရဆေးဥယျာဉ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဆေးဖက်ဝင်ပရဆေးပင်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ ရှင်းလင်းဆောင်တွင် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းနှင့် တာဝန်ရှိသူများက နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်တွင် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ဝမ်းပျက် ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ ငှက်ဖျားရောဂါ၊ အဆုတ်(တီဘီ)ရောဂါ စသည့် မြန်မာနိုင်ငံ၌ အဖြစ်များသော ရောဂါကြီး(၆)မျိုးနှင့် သက်ဆိုင်သော ပရဆေးပင်များကို အဓိက စိုက်ပျိုးပြသထားမှုနှင့် မိမိတို့ဝန်ကြီးဌာနက ငှက်ဖျားနှင့် အဆုတ်(တီဘီ) ရောဂါကြီး (၂)မျိုးနှင့် သက်ဆိုင်သော ပရဆေးပင်များ၊ တိုင်းဒေသကြီး ပြည်နယ်အလိုက် ရှားပါးပရဆေးပင်များကို စိုက်ပျိုးပြသထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနက တာဝန်ယူစိုက်ပျိုးပြသထားသည့် ပရဆေးပင်များကို စိုက်ကွက်၊ပြကွက် တစ်ခုချင်းအလိုက်သတ်မှတ်ထားသော အမျိုးအစားများကို အဆင့်မီစိုက်ပျိုးပြသနိုင်ရေး ပြုပြင်ဆောင်ရွက်ရန်၊ စိုက်ပျိုးရေးပညာတတ်ကျွမ်းသူများက စီမံဆောင်ရွက်နေခြင်းဖြစ်၍ အောင်မြင်စိုက်ခင်းများ၊ ပြကွက်များဖြစ်အောင်စီမံသွားရန်၊ တိုင်းရင်းဆေးဝါးပင်နှင့် ပတ်သက်သော ဗဟုသုတများကို တစ်နေရာတည်းတွင်ပြည်သူများ စုံစုံလင်လင် လေ့လာနိုင်ကြစေရန်နှင့် ရာသီအလိုက် အစာလည်းဆေး၊ ဆေးလည်းအစာအဖြစ် နေ့စဉ် စားသုံးနေသည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပင်များကို သတိပြုနိုင်အောင် စိုက်ပျိုးပြသခြင်းအပြင် ငှက်ဖျားနှင့် အဆုတ်(တီဘီ) ရောဂါများနှင့်ဆိုင်သော ပရဆေးပင်တစ်မျိုးချင်း၏ သိမှတ်ဖွယ်ရာများပါ စုဆောင်းဖော်ပြသည့် လက်ကမ်းစာစောင်များ ထုတ်ဝေရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပရဆေးဥယျာဉ်အတွင်း ဝန်ကြီးဌာနမှ စိုက်ပျိုးပြသထားသည့် ငှက်ဖျားရောဂါပျောက် တိုင်းရင်းပရဆေးပင်များ၊ အဆုတ်(တီဘီ) ရောဂါပျောက် တိုင်းရင်းပရဆေးပင်များ၊ တိုင်းဒေသကြီး ပြည်နယ်များမှ စုဆောင်းထားရှိသော ပရဆေးပင်များ၊ ဆေးဖက်ဝင်သစ်ခွနှင့် ဂမုန်းပင်များ ၊ ရာသီစာသီးနှံပင်များ ၊ နှစ်ရှည်ပင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်များ ခွင့်ပြုပေးနိုင်ရန်အတွက် ကူညီဆောင်ရွက်ပေးကြရန် လိုအပ်

မုံရွာ ဩဂုတ် ၈




စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၄)ကို ဩဂုတ် ၇ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုအစည်းအဝေးတွင် စစ်ကိုင်းမြို့၌ ဆောင်ရွက်မည့် ရွှေငွေအေးတိုးကုမ္ပဏီ၏ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို အတည်ပြုမိန့်ထုတ်ပေးရန်အတွက် ဆွေးနွေးကြရန်ဖြစ်ကြောင်း၊ ကော်မတီအဖွဲ့ဝင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်များ ခွင့်ပြုပေးနိုင်ရန်နှင့် ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့ပြီး လုပ်ငန်းများတိုးတက်အောင်မြင်ရန်နှင့် တိုးမြှင့်ထည့်ဝင်ဆောင်ရွက်နိုင်ရန် ဆက်လက်ကြိုးပမ်းအားပေးကူညီ ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူး၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မေမျိုးဇော်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များ၏ ဆောင်ရွက်ပြီးစီးမှု လုပ်ငန်းအခြေအနေများနှင့် ရာနှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ရွှေငွေအေးတိုးကုမ္ပဏီလီမိတက်မှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုလျှောက်ထားလွှာ တင်ပြလာခြင်းကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များက မိမိတို့ တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ပေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# ကျိုက်မရောမြို့၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြော

ကျိုက်မရော ဩဂုတ် ၈

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ပညာရေးဌာနနှင့်မြို့နယ်ဥပဒေရုံးတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး၊ လူငယ်ရေးရာပညာပေးနှင့် ဥပဒေပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြသခြင်းကို ယနေ့ နံနက် ၁၀ နာရီက အ.ထ.က ကျိုက်မရော(ပညာအားမာန်)ခန်းမ၌ ပြုလုပ်သည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်စုစုဌေးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေးက ကျောင်းသားကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံစေရန် စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို ဟောပြောသည်။ ထို့နောက် ကျိုက်မရောမြို့နယ် ဥပဒေအရာရှိ ဒေါ်မြင့်သက်ထွေးက ကလေးသူငယ်အခွင့်အရေးမူးယစ်ဆေးဝါးအန္တရာယ်နှင့် ကလေးသူငယ်ဆိုင်ရာဥပဒေများကို ပညာပေးဟောပြောသည်။ အဆိုပါအသိပညာပေး ဟောပြောပွဲတွင် မူးယစ်ဆေးဝါးအန္တရာယ်၊ ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်များကို ခင်းကျင်းပြသထားရာ ကျောင်းသူကျောင်းသားများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် အခမ်းအနားတက်ရောက်လာကြသူများ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကချင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများ ပေးအပ်ချီးမြှင့်

နေပြည်တော် ဩဂုတ် ၈

၂၀၂၄ ခုနှစ်ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကချင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကိုကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ပထမဆုရရှိသည့် ကချင်ပြည်နယ်အသင်းကို ဂုဏ်ပြုဆုငွေနှင့်တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

အဆိုပါပွဲစဉ်တွင် နှစ်ဖက်အသင်းများသည် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့်အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ကချင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ခြောက်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ကောင်စီဝင်များဖြစ်ကြသည့် ဦးရန်ကျော်၊ ဦးရွှေကြိမ်၊ ခွန်စံလွင်နှင့် ဒေါက်တာဘရွှေတို့က အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံး နောက်တန်းအားကစားသမားဆု၊ အကောင်းဆုံးအလယ်တန်းအားကစားသမားဆု၊ အကောင်းဆုံး ရှေ့တန်းအားကစားသမားဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု ရရှိကြသူများကို တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကောင်စီဝင် ဒေါက်တာမှူထန်က စတုတ္ထဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို လည်းကောင်း၊ ကောင်စီဝင် ပိုးရယ်အောင်သိန်းက တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ ကောင်စီဝင် ဒေါ်ဒွဲဘူက ဒုတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းကို လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပထမဆုရရှိသည့် ကချင်ပြည်နယ်အသင်းကို တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ပထမဆုရရှိသည့် *စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ပထမဆုရရှိသည့် ကချင်ပြည်နယ်အသင်းကို တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်အဖွဲ့ဝင် ပိုးရယ်အောင်သိန်း တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၄ မှ*
ကချင်ပြည်နယ်အသင်းကို ဂုဏ်ပြုဆုငွေနှင့် တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ပြီး အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲကို မြန်မာ့ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ထူးချွန်ထက်မြက်သည့် လူငယ်သွေးသစ်ဘောလုံးသမားများ ထွက်ပေါ်လာစေရန်ရည်ရွယ်၍ ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အသင်း ၁၅ သင်းမှ အားကစားသမားများက ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၈ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်အဖွဲ့ဝင် ဒေါက်တာဘရွှေ အကောင်းဆုံးဆုရ အားကစားသမားတစ်ဦးကို ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်အဖွဲ့ဝင် ဦးရွှေကြိမ်း အကောင်းဆုံးဆုရ အားကစားသမားတစ်ဦးကို ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ လူသုံးကုန်ပစ္စည်းများနှင့် တည်ဆောက်ရေးပစ္စည်းများ ရောက်ရှိလာမှု ကြည့်ရှုစစ်ဆေး

**စစ်တွေ ဩဂုတ် ၈**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ညွှန်ကြားမှုအရ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေး ပစ္စည်းများကို သင်္ဘောများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ အမ်ဗွီကုမုဒြာသင်္ဘောဖြင့် ရန်ကုန်မြို့မှ လူသုံးကုန်ပစ္စည်းများနှင့် တည်ဆောက်ရေးပစ္စည်းများ ရောက်ရှိလာမှုကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဩဂုတ် ၇ ရက်က



သွားရောက်ကြည့်ရှု စစ်ဆေးသည်။

အမ်ဗွီကုမုဒြာ သင်္ဘောတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှပေးပို့သည့် ဆန် ၂၄ ပြည်အိတ် ၇၈၉၇ အိတ်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က မှာယူသည့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်း ၄၀၄ ဒသမ ၇၅ တန် တင်ဆောင်၍ စစ်တွေမြို့သို့ ရောက်ရှိလာခြင်းဖြစ်သည်။

အဆိုပါ ပစ္စည်းများကို ကုန်တင်ကုန်ချ ပြုလုပ်နိုင်ရေး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ရောက်ရှိလာသော ကုန်ပစ္စည်းများကို မိုးလေဝသအခြေအနေ အပေါ်မူတည်ပြီး စနစ်တကျ အတင်အချပြုလုပ်နိုင်ရေး၊ ကုန်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆိုပါဆိပ်ကမ်း၌ အမ်ဗွီ – ရွှေသုဝဏ်နှင့် အမ်ဗွီ–အောင်ရတနာသင်္ဘောတို့မှ ဆန်နှင့် စားသောက်ကုန်ပစ္စည်းများကို အတင်အချပြုလုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ပွိုင့်ကမ်းခြေရှိ ပွိုင့်–စစ်တွေ ဟိုတယ်လမ်းပိုင်း၌ ပြန်လည်ပြုပြင်ဆဲဖြစ်သည့် လမ်းအပိုင်းကို အမြန်ဆုံးပြီးစီးအောင်ပြုပြင်နိုင်ရေး သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**
**ဓာတ်ပုံ– ဝင်းမင်းစိုး**

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၇ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင် ၅ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ရာဇာထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက် ဆရာတော်အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နတ်မောက်မြို့နယ်၌ မိုးစပါးစတင်စိုက်ပျိုး

**နတ်မောက် ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ၂၀၂၄ မိုးစပါးများကို ရပ်ကွက် / ကျေးရွာများရှိ တောင်သူများ စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

နတ်မောက်မြို့နယ်၌ မိုးစပါးကို ဧက ၂၄၈၆၀ စိုက်ပျိုးရန် လျာထားခဲ့ရာ ဆည်ရေ၊ ဆည်ငယ်၊ ကန်ငယ်များမှ ရရှိသော လယ်မြေများ၌ စပါးများ စတင်စိုက်ပျိုးကြမည်ဖြစ်ပြီး မိုးကောင်းသောက် လယ်မြေများတွင် မိုးစပါးများ စတင်စိုက်ပျိုးနေကြပြီဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

# သစ်တောများ ကာကွယ်ထိန်းသိမ်းခြင်းနှင့်သစ်ပင်များ စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများအကြောင်း အသိပညာပေး ဟောပြော

**စဉ့်ကိုင် ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၊ တံတားဦး–(စဉ့်ကိုင်တွဲ)မြို့နယ် သစ်တောဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများ သစ်တောများ တန်ဖိုးထားထိန်းသိမ်းတတ်စေရန်၊ သစ်တောပြုန်းတီးမှု မရှိစေရေးအတွက် ဝိုင်းဝန်းပါဝင် ထိန်းသိမ်းတတ်စေရန်၊ သစ်ပင်စိုက်ပျိုးလိုစိတ်များ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ သစ်တောများ ကာကွယ်ထိန်းသိမ်းခြင်းနှင့်သစ်ပင်များ စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများအကြောင်း အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက အ.ထ.က (ဘယ်လင်း)၌ ကျင်းပသည်။



ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး(ကိုယ်စား) အလယ်တန်းပြဆရာ ဦးအောင်ကျော်ငွေးက အမှာစကား ပြောကြားပြီး တံတားဦး–(စဉ့်ကိုင်တွဲ) မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးရဲထက်အောင်က သစ်တောများ ကာကွယ်ထိန်းသိမ်းခြင်းနှင့်သစ်ပင်များ စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောရာတွင် သစ်တောမှရရှိသောအကျိုးကျေးဇူးများမှ အဓိက (၄)ချက်၊ သစ်တောများထိန်းသိမ်းခြင်းဖြင့် ရာသီဥတုမျှတကောင်းမွန်လာစေခြင်း၊ ရေအရင်းအမြစ်များအား ထိန်းသိမ်းပေးခြင်း၊ တောရိုင်းတိရစ္ဆာန်များအတွက် နေထိုင်ကျက်စားနေရာကို ဖန်တီးပေးခြင်း၊ လူသားများ အသက်ရှင်ဖို့အတွက် သစ်တောသစ်ပင်များသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း စသည့် အကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

# ဘင်းမ်စတက်အဖွဲ့အတွင်းက မြန်မာနိုင်ငံ

စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများအစည်းအဝေး(4th BIMSTEC National Security Chiefs' Meeting) ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဇူလိုင်လ ၂၄ ရက်မှ ၂၆ ရက်အထိ အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။

မင်းခန့်

ဒီအစည်းအဝေးကို အဖွဲ့ဝင်နိုင်ငံတွေဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါ၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံတွေက အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲတွေ တက်ရောက်ခဲ့ကြပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းစဉ်တွေ၊ ရေကြောင်း လုံခြုံရေးဆိုင်ရာတွေနဲ့ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုတွေ၊ သက်ဆိုင်ရာ လုံခြုံရေးကဏ္ဍအလိုက် ထိရောက်သည့် သတင်းအချက်အလက်တွေ ပိုမိုပူးပေါင်းမျှဝေနိုင်ရေး၊ ဒေသတွင်းလက်ရှိဖြစ်ပေါ်နေတဲ့ လုံခြုံရေးဆိုင်ရာအခြေအနေ၊ ကြုံတွေ့လာနိုင်တဲ့ လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုတွေအတွက် ကြိုတင်ပြင်ဆင်ထားရှိရမည့် အခြေအနေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ကြရမယ့် နည်းလမ်းတွေကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတင်ပြခဲ့ကြပါတယ်။

အစည်းအဝေး တက်ရောက်လာကြတဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်တွေဟာ သက်ဆိုင်ရာနိုင်ငံတွေအလိုက် အစိုးရအဖွဲ့တွေမှာ ဩဇာအာဏာရှိသူတွေဖြစ်ပြီး သူတို့နိုင်ငံတွေရဲ့ နိုင်ငံတကာဆက်ဆံရေးနဲ့ အမျိုးသားလုံခြုံရေးကိစ္စရပ်တွေမှာ မူဝါဒချမှတ်သူတွေ ဖြစ်ကြပါတယ်။ ဒါကြောင့် ဒီလိုပုဂ္ဂိုလ်ကြီးတွေကိုယ်တိုင် စုံစုံညီညီတက်ရောက်လာပြီး အပြုသဘောဆောင်တဲ့ ဆွေးနွေးပြောဆိုမှုတွေဟာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအတွက် များစွာအထောက်အကူဖြစ်စေပြီး ဒီလိုအဆင့်မြင့်အရာရှိကြီးတွေ အစည်းအဝေးကို အိမ်ရှင်အဖြစ် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခြင်းကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရရဲ့ Legitimacy ကို အားကောင်းစေသလို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းကောင်းတွေနဲ့ သံတမန်ရေးဂုဏ်သိက္ခာတွေကို ရရှိခဲ့ပါတယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ၊ ကိုယ်စားလှယ်များ၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့နှင့်အတူ ဇူလိုင် ၂၅ ရက်က စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

အထူးသဖြင့် ဘင်းမ်စတက်အဖွဲ့ထဲမှာ မြန်မာ့အိမ်နီးချင်းတွေဖြစ်တဲ့ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနိုင်ငံတွေ ပါဝင်တာကြောင့် နယ်စပ်ဒေသတွေမှာ ဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေနဲ့ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှုတွေကို ပူးပေါင်းနှိမ်နင်းနိုင်မယ့် နည်းလမ်းတွေကိုလည်း ဆွေးနွေးနိုင်ခဲ့ပါတယ်။

BIMSTEC အဖွဲ့ဟာ ထိုင်းနိုင်ငံအနေနဲ့ အိမ်နီးချင်းအနောက်နိုင်ငံတွေနဲ့ စီးပွားရေးတိုးချဲ့ဆက်သွယ်ဆောင်ရွက်လိုတဲ့ Look West Policy၊ အိန္ဒိယနိုင်ငံရဲ့ အရှေ့တောင်အာရှဒေသနိုင်ငံတွေနဲ့ စီးပွားရေးအရ ပိုမိုနီးကပ်စွာ ဆောင်ရွက်လိုတဲ့ Look East Policy တို့ရဲ့ ပေါင်းစည်းထားတဲ့ရလဒ်ကနေ ဖြစ်ပေါ်လာတဲ့ ဒေသတွင်း ခိုင်မာအားကောင်းတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။

အဆိုပါအဖွဲ့ကို ၁၉၉၇ ခုနှစ် ဇွန်လ ၆ ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့ပြီး အဲဒီအချိန်တုန်းက ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာနဲ့ ထိုင်း လေးနိုင်ငံသာ ပါဝင်ကာ (Bangladesh–India–Srilanka–Thailand Economic Cooperation) BISTEC ဟုခေါ်ဆိုခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့မှာ အဖွဲ့ဝင်နိုင်ငံဖြစ်လာပြီး (Bangladesh–India–Myanmar–Srilanka–Thailand–Economic Cooperation) BIMSTEC ဟု အမည်ပြောင်းလဲခဲ့ပါတယ်။ ၂၀၀၄ ခုနှစ်မှာ ဘူတန်နဲ့ နီပေါနိုင်ငံတွေဟာ အဖွဲ့ဝင်နိုင်ငံသစ်တွေအဖြစ် ပါဝင်လာခဲ့ပါတယ်။ BIMSTEC ဒေသတစ်ခုလုံးရဲ့ လူဦးရေဟာ ၁ ဒသမ ၈ ဘီလီယံ(၂၀၂၃) ရှိပြီး တစ်ကမ္ဘာလုံးလူဦးရေ၏ ၂၂ ရာခိုင်နှုန်း ရှိပါတယ်။ ကုန်ထုတ်လုပ်မှုမှာလည်း စုစုပေါင်း ၃ ဒသမ ၆ ထရီလီယံ(၂၀၂၃) ရှိပါတယ်။ ဘင်းမ်စတက်အဖွဲ့ဟာ တောင်အာရှနဲ့ အရှေ့တောင်အာရှ၊ ထိုမှတစ်ဆင့် အရှေ့အာရှဒေသသို့ ဆက်သွယ် ပေါင်းကူးရေးအတွက် အရေးကြီးတဲ့ အဖွဲ့အစည်းကြီးတစ်ခု ဖြစ်လာခဲ့ပါတယ်။

ဘင်းမ်စတက်အဖွဲ့ရဲ့ မူဘောင်

**BIMSTEC အဖွဲ့ဟာ ထိုင်းနိုင်ငံ အနေနဲ့ အိမ်နီးချင်းအနောက်နိုင်ငံတွေနဲ့ စီးပွားရေးတိုးချဲ့ဆက်သွယ်ဆောင်ရွက်လိုတဲ့ Look West Policy၊ အိန္ဒိယနိုင်ငံရဲ့ အရှေ့တောင်အာရှဒေသနိုင်ငံတွေနဲ့ စီးပွားရေးအရ ပိုမိုနီးကပ်စွာ ဆောင်ရွက်လိုတဲ့ Look East Policy တို့ရဲ့ ပေါင်းစည်းထားတဲ့ရလဒ်ကနေ ဖြစ်ပေါ်လာတဲ့ ဒေသတွင်း ခိုင်မာအားကောင်းတဲ့ အဖွဲ့အစည်း**

အောက်မှာရှိတဲ့ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တွေဟာဆိုရင် အချုပ်အခြာအာဏာ တန်းတူရည်တူရှိရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေး၊ နိုင်ငံရေးအမှီအခိုကင်းရေး၊ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရေး၊ ကျူးကျော်မှုမပြုရေး၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး၊ အပြန်အလှန်လေးစားရေးနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေရေးတို့အပေါ်တွင် အခြေခံရေးနဲ့ ဆုံးဖြတ်ချက်အားလုံးကို တူညီဆန္ဒ (Consensus) အပေါ်တွင်သာ အခြေခံနိုင်ရေးအတွက် ဘင်းမ်စတက် ပဋိညာဉ်စာတမ်းတွင် ပြဋ္ဌာန်းထားပါတယ်။

ဘင်းမ်စတက်အဖွဲ့ဟာ အခြားအဖွဲ့အစည်းတွေနဲ့မတူဘဲ ကွဲပြားခြားနားမှုတွေက နေထိုင်မှုပုံစံ၊ ကိုးကွယ်ယုံကြည်မှု၊ ဘာသာစကား၊ ယဉ်ကျေးမှု စတဲ့အချက်တွေ ကွဲပြားကြတဲ့နိုင်ငံတွေနဲ့ ဖွဲ့စည်းတည်ထောင်ထားပြီးတော့ အဖွဲ့ဝင်နိုင်ငံတွေအားလုံးဟာလည်း ဒေသတွင်းအကျိုးရှိစေမယ့် စီးပွားရေး၊ လူမှုရေး၊ သိပ္ပံနှင့် နည်းပညာကဏ္ဍတွေမှာ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရေးနဲ့ အပြန်အလှန် အကူအညီပေးရေးတို့ကို လုပ်ဆောင်လျက်ရှိပါတယ်။

ဘင်းမ်စတက်အဖွဲ့ဟာဆိုရင် ထိပ်သီးအစည်းအဝေး၊ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၊ ဘင်းမ်စတက် လုပ်ငန်းအဖွဲ့ အစည်းအဝေးဆိုပြီး အဓိကယန္တရား လေးရပ်ဖြင့် အဆင့်ဆင့်လည်ပတ်လျက်ရှိပါတယ်။

BIMSTEC အဖွဲ့စတင်တည်ထောင်ချိန်တုန်းက စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ဦးတည်ခဲ့သော်လည်း ပထဝီဝင်နိုင်ငံရေးအခြေအနေ၊ နိုင်ငံဖြတ်ကျော် အကြမ်းဖက်မှုတွေ၊ လက်နက်နှင့် မူးယစ်ဆေးဝါး မှောင်ခိုမှုတွေကြောင့် လုံခြုံရေးကဏ္ဍကိုလည်း သမားရိုးကျလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတွေ (Traditional Security Threats) အပြင် သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတွေ၊ ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်တို့ကြောင့် ပင်လယ်ရေကြောင်းဆိုင်ရာလုံခြုံရေး (Maritime Security) ကိစ္စရပ်တွေကိုပါ ထည့်သွင်းစဉ်းစားလာကြပြီဖြစ်ပါတယ်။

*စာမျက်နှာ ၇ သို့*

- **စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးမှာ "အကြမ်းဖက်ဝါဒနှင့် တရားမဝင်မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်ခြင်း"ခေါင်းစဉ်နဲ့ ဒေသတွင်းမှာ အစွန်းရောက်အကြမ်းဖက်မှု အတွေးအခေါ်များ မပျံ့နှံ့စေရေးနှင့် တရားမဝင်မူးယစ်ဆေးဝါးကုန်သွယ်မှုများ ပပျောက်စေရေးတို့အတွက် အဖွဲ့ဝင်နိုင်ငံတွေရဲ့ အတွေ့အကြုံတွေကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါတယ်။ အိမ်ရှင်ဖြစ်တဲ့ မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်း အကြမ်းဖက်နှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုတွေအတွက် နည်းလမ်းတွေ၊ အခွင့်အလမ်းတွေ၊ အကြံဉာဏ်တွေရရှိခဲ့သလို သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတွေ (Non-Traditional Security Threats) ကိုလည်း ဝိုင်းဝန်းကာကွယ်နိုင်ဖို့အတွက် ပူးပေါင်းဆောင်ရွက်ရေး နည်းလမ်းတွေကို ဖော်ထုတ်ဆွေးနွေးခဲ့ကြ**


*စာမျက်နှာ ၆ မှ*

ဒါ့ကြောင့် **စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ အစည်းအဝေးမှာ "အကြမ်းဖက်ဝါဒနှင့် တရားမဝင်မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအတွက် ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်ခြင်း"ခေါင်းစဉ်နဲ့ ဒေသတွင်းမှာ အစွန်းရောက်အကြမ်းဖက်မှု အတွေးအခေါ်များ မပျံ့နှံ့စေရေးနှင့် တရားမဝင်မူးယစ်ဆေးဝါးကုန်သွယ်မှုများ ပပျောက်စေရေးတို့အတွက် အဖွဲ့ဝင်နိုင်ငံတွေရဲ့ အတွေ့အကြုံတွေကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါတယ်။ အိမ်ရှင်ဖြစ်တဲ့ မြန်မာနိုင်ငံအတွက် သာမက ဒေသတွင်း အကြမ်းဖက်နှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုတွေအတွက် နည်းလမ်းတွေ၊ အခွင့်အလမ်းတွေ၊ အကြံဉာဏ်တွေရရှိခဲ့သလို သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတွေ (Non–Traditional Security Threats) ကိုလည်း ဝိုင်းဝန်းကာကွယ်နိုင်ဖို့အတွက် ပူးပေါင်းဆောင်ရွက်ရေးနည်းလမ်းတွေကို ဖော်ထုတ်ဆွေးနွေးခဲ့ကြပါတယ်။**

မြန်မာနိုင်ငံဟာ ပထဝီနိုင်ငံရေးအရ အာဆီယံနဲ့တောင်အာရှဒေသရဲ့ အချိတ်အဆက်နိုင်ငံတစ်ခု ဖြစ်တာကြောင့် အာဆီယံနဲ့ ဘင်းမ်စတက်အဖွဲ့အစည်းအတွင်းမှာ အရေးပါတဲ့နိုင်ငံတစ်ခုဖြစ်ပါတယ်။ ယခုလို ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံတွေရဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးကို အောင်မြင်စွာ ဦးဆောင်ကျင်းပပြုလုပ်နိုင်ခြင်းဟာ မြန်မာနိုင်ငံအတွက် သံတမန်ရေးအရ အောင်မြင်တဲ့လှုပ်ရှားမှုဖြစ်ပြီး စီးပွားရေးအရလည်း အဖွဲ့ဝင်နိုင်ငံတွေနဲ့ ကုန်သွယ်မှုတွေ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မယ့် အလားအလာကောင်းတွေကို ရရှိခဲ့ပါတယ်။

နယ်စပ်ကုန်သွယ်ရေးမှာ အရှေ့ဘက်မှာရှိတဲ့ တရုတ်တစ်နိုင်ငံတည်းကို မှီခိုနေရတာထက် အနောက်ဘက်မှာရှိတဲ့ လူဦးရေ ၁ ဒသမ ၄ ဘီလီယံနေထိုင်ရာ အိန္ဒိယနဲ့ပါ ရင်းနှီးပွင့်လင်းစွာ ပူးပေါင်းဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းတွေ အများအပြားရရှိခဲ့ပါတယ်။ ဘင်းမ်စတက်အဖွဲ့ဝင်တွေထဲက ဦးဆောင်နိုင်ငံဖြစ်တဲ့ အိန္ဒိယမှတစ်ဆင့် အရှေ့အလယ်ပိုင်းနဲ့ ဥရောပနိုင်ငံတွေကိုပါ ကူးသန်းရောင်းဝယ်မှု ချိတ်ဆက်နိုင်ရေး ပိုမိုအားကောင်းအောင်လုပ်ဆောင်နိုင်မယ့် လမ်းကြောင်းတွေ ရှာဖွေနိုင်ခဲ့ပါတယ်။

ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံတွေထဲမှာ အရှေ့တောင်အာရှနိုင်ငံများအသင်း (Association of Southeast Asian Nations– ASEAN)မှာ ပါဝင်တဲ့ နိုင်ငံတွေပါရှိသလို တောင်အာရှဒေသပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (South Asian




Association for Regional Coopera–tion –SAARC) တွင်လည်း ပါဝင်တဲ့နိုင်ငံတွေဖြစ်တဲ့အတွက်ကြောင့် ဘင်းမ်စတက်အဖွဲ့ကြီးဟာ ယင်းဒေသအတွင်း ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်းနှစ်ခုကို ဆက်စပ်ပေါင်းကူးပေးနိုင်တဲ့ အဖွဲ့အစည်းတစ်ခုလည်း ဖြစ်ပါတယ်။

အာဆီယံမှာ မြန်မာ့အိမ်နီးချင်းတွေဖြစ်တဲ့ ထိုင်းနဲ့ လာအိုတို့ပါတယ်။ ဘင်းမ်စတက်အဖွဲ့မှာလည်း မြန်မာအိမ်နီးချင်း ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယတို့ ပါဝင်ပါတယ်။ ဘင်းမ်စတက်အဖွဲ့ထဲက အိမ်နီးချင်းတွေဟာ သဘောထားမှန်ကန်ပြီး နှစ်နိုင်ငံအကျိုးစီးပွားအတွက် မျှတတဲ့အမြင်နဲ့ ပူးပေါင်းဆောင်ရွက်ကူညီမှုတွေရှိနေပါတယ်။ သံတမန်ရေးအရ ထိုးနှက်ပိတ်ဆို့ခံနေရတဲ့ နစကအစိုးရဟာ ဘင်းမ်စတက်အဖွဲ့ထဲမှာ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းဟာ ဘင်းမ်စတက် အဖွဲ့အတွက်သာမက မြန်မာနိုင်ငံအတွက် အလွန်အကျိုးရှိပါတယ်။

နိုင်ငံတကာ အကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းတွေဟာ ဘင်းမ်စတက်ဒေသတွင်းစီးပွားရေးနဲ့ လူမှုရေးတိုးတက်မှုကို ခြိမ်းခြောက်နေတာကြောင့် ပူးပေါင်းတိုက်ဖျက်ဖို့နဲ့ အထူးသဖြင့် သတင်းဖလှယ်ရေးအပါအဝင် အကြမ်းဖက်မှုနဲ့ နိုင်ငံဖြတ်ကျော်မှုခင်းတွေကို ထိထိရောက်ရောက် တိုက်ဖျက်မယ့်အစီအစဉ်တွေနဲ့ ဆောင်ရွက်မယ့် မူဝါဒတွေကို ချမှတ်နိုင်ခဲ့ပြီး မြန်မာနိုင်ငံဟာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းတွေမှာ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

ယနေ့အချိန်ကာလမှာ ကမ္ဘာ့နိုင်ငံအများစုဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ လုံခြုံရေးအခြေအနေတို့ကြောင့် မိမိနိုင်ငံတစ်နိုင်ငံတည်း ရပ်တည်နိုင်ရန် မဖြစ်နိုင်တော့တဲ့အတွက် အခြားနိုင်ငံတစ်နိုင်ငံနဲ့သော်လည်းကောင်း၊ အခြားနိုင်ငံ အများစုနဲ့သော်လည်းကောင်း ပူးပေါင်းပြီးရပ်တည်နိုင်မှသာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ လုံခြုံရေးကဏ္ဍတွေမှာ တိုးတက်ဖွံ့ဖြိုးတဲ့ အကျိုးသက်ရောက်မှုတွေရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူရရှိနိုင်မှာ ဖြစ်လို့ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် ဘင်းမ်စတက်၊ အာဆီယံကဲ့သို့ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့တွေ ဖွဲ့စည်းလာခဲ့ကြခြင်းဖြစ်ပါတယ်။

ဒါ့ကြောင့် **ပထဝီနိုင်ငံရေးအရ အရှေ့တောင်အာရှနဲ့ တောင်အာရှနိုင်ငံတွေအကြား ကုန်းတွင်းအချိတ်အဆက်ဖြစ်တဲ့ မြန်မာနိုင်ငံဟာ ဘင်းမ်စတက်နဲ့ အာဆီယံအကြား ပေါင်းကူးပေးနိုင်သလို လုံခြုံရေးကဏ္ဍ အကြမ်းဖက်နှိမ်နင်းရေးနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် သာမက ဘင်းမ်စတက်အဖွဲ့ကြီးရဲ့ မျှော်မှန်းချက်ဖြစ်တဲ့ ဒေသခွဲအတွင်း စီးပွားရေး လျင်မြန်စွာဖွံ့ဖြိုးတိုးတက်စေမယ့် အခြေအနေနဲ့ ပတ်ဝန်းကျင်ကောင်းတွေ ဖန်တီးပေးနိုင်တဲ့အချက်အချာနိုင်ငံတစ်ခုဖြစ်**ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

**❑ ဘင်းမ်စတက်အဖွဲ့ရဲ့ မူဘောင်အောက်မှာရှိတဲ့ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တွေဟာဆိုရင် အချုပ်အခြာအာဏာတန်းတူရည်တူရှိရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေး၊ နိုင်ငံရေးအမှီအခိုကင်းရေး၊ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရေး၊ ကျူးကျော်မှုမပြုရေး၊ ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေး၊ အပြန်အလှန်လေးစားရေးနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေရေးတို့အပေါ်တွင် အခြေခံရေးနဲ့ ဆုံးဖြတ်ချက်အားလုံးကို တူညီဆန္ဒ (Consensus) အပေါ်တွင်သာ အခြေခံနိုင်ရေး အတွက် ဘင်းမ်စတက်ပဋိညာဉ်စာတမ်းတွင် ပြဋ္ဌာန်းထား**

## မင်းလှမြို့နယ်၌ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေး

**အထက်မင်းလှ ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေး အခမဲ့စစ်ဆေး ကုသပေးခြင်းတို့ကို ဩဂုတ် ၇ ရက်က မင်းလှမြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးကုသပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းစန်းမိုးနှင့် ကျန်းမာရေး ဝန်ထမ်းများက သွေးပေါင်ချိန်တိုင်းခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်း၊ ECG စစ်ဆေးပေးခြင်းတို့ကို ပြုလုပ်ပေးပြီး လိုအပ်သည့် ဆေးဝါးများကို အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇာဇာ (အထက်မင်းလှ)**



## ဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၈**

Naypyitaw State Academy တွင် ကျောင်းသားလူငယ်များ ဥပဒေဆိုင်ရာ အခြေခံ အသိအမြင်၊ ဗဟုသုတများ တိုးပွားစေရန်နှင့် ဥပဒေဆိုင်ရာ အချက်အလက်များကို ကျောင်းသား ကျောင်းသူများ ကျယ်ကျယ်ပြန့်ပြန့် နားလည်သိရှိစေရန်ရည်ရွယ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် Naypyitaw State Academy ဘက်စုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် Naypyitaw State Academy ဒုတိယပါမောက္ခချုပ်(သင်တန်း) ဒေါက်တာစိုးစိုးအောင်က ကျောင်းသား ကျောင်းသူများကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ လေးစားလိုက်နာမှု၏ အရေးပါမှုကို ရှင်းလင်းပြောကြားပြီး Naypyitaw State Academy၊ ဥပဒေပညာဌာန ပါမောက္ခ (ဌာနမှူး)က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးဟောပြောသည်။

အဆိုပါ အခမ်းအနားသို့ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/တွဲဖက်ပါမောက္ခ (ဌာနမှူးများ)၊ ဆရာ ဆရာမ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## ငါးလုပ်ငန်းစခန်း(သထုံ)၌ သားဖောက်ခြင်းနှင့် ရေချိုငါးသင်တန်း ဖွင့်လှစ်

**သထုံ ဩဂုတ် ၈**

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးကျင်းပသည့် ငါးဆေးထိုးသားဖောက်ခြင်းနှင့် ရေချိုငါးများမွေးမြူရေးသင်တန်းကို ဩဂုတ် ၈ ရက် နံနက် ၉ နာရီက ငါးလုပ်ငန်းသင်တန်းကျောင်း(သထုံ)၌ ကျင်းပသည်။

အဆိုပါ သင်တန်းတွင် မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်က အမှာစကားပြောကြားပြီး အဆိုပါ သင်တန်းသို့ သင်တန်းသား စုစုပေါင်း ၆၈ ဦး တက်ရောက် သင်ကြားလျက်ရှိပြီး ဩဂုတ် ၈ ရက်မှ ၁၀ ရက်နေ့အထိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ခွန် (ဝင်းပ)**



ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အားကစားနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် အားကစားပစ္စည်းပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၇ ရက်က အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပစဉ်။

ခင်ဝင်း (ပြန်/ဆက်)

# ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်း




ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပေးပို့လှူဒါန်းရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ ထုပ်ပိုးပြင်ဆင်ထားမှုကို တွေ့ရစဉ်။

**နေပြည်တော် ဩဂုတ် ၈**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ် ထက်သန်စွာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကိုယ်ကျိုးစွန့်၍ ကာကွယ်စောင့်ရှောက်ပေးနေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ထမ်းများနှင့် မိသားစုများ၊ စေတနာရှင် အလှူရှင်များက အလှူငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိသည်။

## ပေးအပ်လှူဒါန်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စေတနာမေတ္တာအပြည့်ဖြင့် ရှေ့တန်းမြေသို့ ပေးပို့နိုင်ရေးအတွက် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းက ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် ငွေကျပ် သိန်း ၃၀၀ တန်ဖိုးရှိ စည်သွပ်အသား/ ငါးစုစုပေါင်း ၄၃၅၇ ဘူးကို ဩဂုတ် ၇ ရက် မွန်းလွဲပိုင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ်သို့ သွားရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

## ကြည့်ရှုအားပေး

အလားတူ ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အလှူငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းနိုင်ရန် အလုပ်သမားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စာနာမှု၊ စေတနာ၊ မေတ္တာအပြည့်ဖြင့် ကိုယ်တိုင်စုပေါင်းချက်ပြုတ်ကြော်လှော်ပြီး ပြင်ဆင်ထုပ်ပိုးနေမှုများကို ဩဂုတ် ၅ ရက်က ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်နှင့် ဒုတိယဝန်ကြီး ဦးဝင်းရှိန်တို့က လိုက်လံကြည့်ရှုအားပေးကြသည်။

အလုပ်သမား ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စည်သွပ်ဘူး(ငါးကြင်းပဲငါးပိပေါင်း၊ ငါးဆုပ်ဟင်း၊ ဆိတ်သားဟင်း) ၁၂၀၀၊ ဆာဒင်းငါးသေတ္တာဘူး ၄၀၀၊ ငါးရံ့/ကြက်သားဆန်ပြုတ်အထုပ် ၈၀၀၊ ရှူးရှဲလက်ဖက်ထုပ် ၈၀၀၊ ကိုယ်တိုက်ဆပ်ပြာတုံး ၄၀၀၊ ငွေးသီးငါးပိချက်အထုပ် ၄၀၀၊ ငါးပိရည်ထုပ် ၄၀၈ ထုပ်၊ ပုစွန်ငါးပိထောင်ဘူး ၄၀၀၊ အာပြခြောက်ကြော်ထုပ် ၄၀၀၊ ပုန်းရည်ကြီးထုပ် ၄၀၀၊ ချိုချဉ်ထုပ် ၄၀၀၊ ဆေးလိပ်ဆေး ပိဿာ ၃၀၊ သွားတိုက်ဆေး/ သွားတိုက်တံ အစုံ ၄၀၀၊ တစ်ခါသုံးမုတ်ဆိတ်ရိတ်ဓား ၁၆၀၀၊ ကြယ်နီဆေးလိပ် ၈၀၀၀ နှင့် ဝန်ထမ်းမိသားစုများ ကိုယ်တိုင်ချက်ပြုတ်ကြော်လှော်ထားသည့် ဗာလချောင်ကြော် ပိဿာ ၄၀ စုစုပေါင်းငွေကျပ်သိန်း ၁၃၀ ခန့် တန်ဖိုးရှိပစ္စည်းများကို ပေးပို့လှူဒါန်းနိုင်ရေး စီစဉ်ဆောင်ရွက်ကြပြီး အဆိုပါစားသောက်ဖွယ်ရာများနှင့်အတူ ဝန်ထမ်းမိသားစုများက "နိုင်ငံတော်နှင့် နိုင်ငံသားတို့ရဲ့ အသက်အိုးအိမ် စည်းစိမ်ဥစ္စာကို အသက်ပေးကာကွယ်စောင့်ရှောက်နေကြတဲ့ ရှေ့တန်းရောက် တပ်မတော်သားများ အားလုံး ကျန်းမာပါစေ၊ ဘေးအန္တရာယ်ကင်းဝေးပါစေ၊ တရားသောစစ်ဆင်နွှဲနေတဲ့ တပ်မတော်သားများ အားလုံး အိမ်ပြန်လာမည့်နေ့ကို မိသားစုတွေနှင့်အတူ အောင်သပြေပန်းနှင့် ကြိုဆိုနေပါ့မယ်" အစရှိသည့် ဆုတောင်းမေတ္တာစာလွှာများကိုလည်း ထည့်သွင်းပေးပို့သွားမည်ဖြစ်သည်။

## ပြင်ဆင်ထုပ်ပိုး

ထို့အတူ ဩဂုတ် ၆ ရက် နံနက်ပိုင်းက တပ်မတော်သားများ၊ လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ပေးပို့လှူဒါန်းရန် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စာနာမှု၊ မေတ္တာ၊






ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပေးပို့လှူဒါန်းရန် မန္တလေးတိုင်းဒေသကြီးအတွင်းမှ စေတနာရှင် အလှူရှင်များက ပေးအပ်သည့် စားသောက်ဖွယ်ရာများ ထုပ်ပိုးပြင်ဆင်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကြည့်ရှုအားပေးစဉ်။

ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပေးပို့လှူဒါန်းရန် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ ထုပ်ပိုးပြင်ဆင်ထားမှုကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ကြည့်ရှုအားပေးစဉ်။

စေတနာအပြည့်ဖြင့် ကိုယ်တိုင်ချက်ပြုတ်ကြော်လှော်ပြီး ပြင်ဆင်ထုပ်ပိုးနေမှုများကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် ဒုတိယဝန်ကြီးများက လိုက်လံကြည့်ရှုအားပေးကြသည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးခြောက်ကြော်ဘူး ၁၅၀၀၊ ပုစွန်ခြောက်ကြော်ဘူး ၁၅၀၀၊ ငါးပိထောင်းဘူး ၁၅၀၀၊ အသင့်စားခေါက်ဆွဲခြောက်အထုပ် ၃၀၀၀၊ ကော်ဖီမစ်အထုပ် ၃၀၀၀၊ ချိုချဉ်အလုံး ၁၅၀၀၀ နှင့် ကြယ်နီဆေးပေါ့လိပ် အလိပ် ၁၀၀၀၀ စုစုပေါင်းငွေကျပ် ၁၁၂ သိန်းတန်ဖိုးရှိ ပစ္စည်းများကို ပေးပို့လှူဒါန်းသွားမည်ဖြစ်သည်။

အဆိုပါ စားသောက်ဖွယ်ရာများနှင့်အတူ ဝန်ကြီးဌာနမှ အရာထမ်း/ အမှုထမ်းများ၊ နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားများနှင့် လူငယ်လက်ရွေးစင် အားကစားသမားများက "တရားသောစစ် ဆင်နွှဲကြသော စစ်သည်တော်အပေါင်း ဘေးရန်ကင်းလို့ အောင်ပန်းဆင်နိုင်ပါစေ" ၊ "ရှေ့တန်းရောက် စစ်သည်တော်အပေါင်း အန္တရာယ်ကင်းလို့ တိုက်ပွဲတိုင်းအောင်မြင်ပါစေ" အစရှိသည့် ဆုတောင်းမေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ခဲ့ကြသည်။

## ပေးအပ်လှူဒါန်း

အလားတူ ဩဂုတ် ၆ ရက် မွန်းလွဲပိုင်းက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပွဲအခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရွှေဝယ်သဇင်ရိပ်သာ၌ ကျင်းပပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

*စာမျက်နှာ ၉ သို့*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ (၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်




**နေပြည်တော် ဩဂုတ် ၈**

(၁၆) ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့တွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ဗီယင်ကျန်းမြို့၊ National Convention Center ၌ ကျင်းပရာ အဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ ကျန်းမာရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အာဆီယံကျန်းမာရေးကဏ္ဍ အလှည့်ကျဥက္ကဋ္ဌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီး H.E. Mr. Bounfeng Phoummalaysith နှင့် အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

အစည်းအဝေး၏ ဖွင့်ပွဲအခမ်းအနားအပြီးတွင် အာဆီယံဒေသတွင်း ဆေးလိပ်ငွေ့ကင်းစင်စေရန် ရည်ရွယ်၍ အရှေ့တောင်အာရှ ဆေးလိပ်နှင့် ဆေးရွက်ကြီး ထိန်းချုပ်ရေးမိတ်ဖက်အဖွဲ့ (South East Asia Tobacco Control Alliance) နှင့် အာဆီယံအတွင်းရေးမှူးအဖွဲ့ရုံးတို့ ပူးပေါင်းဆောင်ရွက်သည့် အာဆီယံဆေးလိပ်ငွေ့ကင်းစင် ဒေသဆု (ASEAN Smoke Free Award) ဆုပေးပွဲကိုကျင်းပရာ မြန်မာနိုင်ငံမှ ဆေးလိပ်ငွေ့ကင်းစင်ဒေသများ ထူထောင်ထားရှိသည့်အနက် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအား အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆု (ASEAN Smoke Free Award) အတွက် ကြေးတံဆိပ်ဆုကို လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ကျန်းမာရေးဝန်ကြီး H.E. Mr. Bounfeng Phoummalaysith က ပေးအပ်ချီးမြှင့်ရာ မြန်မာနိုင်ငံ ကျန်းမာရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး (မကူးစက်) နှင့် ပုဂံညောင်ဦးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးတို့က ဆုလက်ခံရယူကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့်အာဆီယံကျန်းမာရေး ဝန်ကြီးများသည် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ လာအိုနိုင်ငံဆိုင်ရာ သံတမန်များနှင့်အတူ (၅၇) နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် (၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို "ကပ်ရောဂါအလွန် ကျန်းမာရေးစောင့်ရှောက်မှု စွမ်းဆောင်ရည်မြှင့်တင်ခြင်းဖြင့် အားကောင်းခိုင်မာသော ကျန်းမာရေးစနစ် ဖြစ်ပေါ်ရေး" ခေါင်းစဉ်ဖြင့် ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ဆွေးနွေးပြောကြားရာတွင် ယခုကျင်းပသည့် အစည်းအဝေးခေါင်းစဉ်သည် လက်ရှိကာလ ဖြစ်ပွားလျက်ရှိသော ကျန်းမာရေးပြဿနာ အခြေအနေများနှင့် သင့်လျော်ကိုက်ညီမှုရှိပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါသည် အာဆီယံဒေသတွင်း အပါအဝင် ကမ္ဘာတစ်ဝန်းရှိ ကျန်းမာရေးစောင့်ရှောက်မှု စနစ်များ၏ အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊

နောင်လာမည့် ကာလများ၌ ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများ၊ ပြဿနာများကို ပိုမိုကောင်းမွန်စွာ ဖြေရှင်းနိုင်ရန်အတွက် ကျန်းမာရေးစနစ် ခိုင်ခံ့စေမည့်ပြင်ဆင်မှုများ ကြိုတင်ဆောင်ရွက်နိုင်ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်မြင့်တက်လာမှုကို စီမံခန့်ခွဲရန်နှင့် မရှိမဖြစ် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန်အတွက် ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ရေး ဆောင်ရွက်ခြင်း၊ သဘာဝဘေးအန္တရာယ်များကို ခံနိုင်ရည်ရှိသည့် ကျန်းမာရေး အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ရောဂါရှာဖွေမှုများအတွက် ဓာတ်ခွဲခန်းများကို တိုးမြှင့်ခြင်း၊ မရှိမဖြစ်လိုအပ်သော ဆေးဝါးများနှင့် ကာကွယ်ဆေးများကို အချိန်နှင့်တစ်ပြေးညီ ရရှိနိုင်ရန် ဆောင်ရွက်ခြင်းတို့ကို အထူးအလေးပေး လုပ်ဆောင်ရန်လိုအပ်ပါကြောင်း၊ ဒေသအတွင်း ကျန်းမာသော လူနေမှုပုံစံများ မြှင့်တင်ရေးနှင့် မကူးစက်နိုင်သော ရောဂါများကို ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ ကူးစက်ရောဂါများသည် နယ်မြေကန့်သတ်ချက်မရှိပါသဖြင့် အာဆီယံဒေသတွင်း အတူတကွ ပူးပေါင်းဆောင်ရွက်မှုသည် မရှိမဖြစ် လိုအပ်ပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အသိပညာ မျှဝေမှု၊ ကောင်းမွန်သော အတွေ့အကြုံများဖလှယ်ခြင်း၊ ပူးတွဲသုတေသနဆောင်ရွက်မှုများနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များကို လက်တွဲညီစွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဒေသတွင်းရှိ ပြည်သူလူထု အားလုံးအတွက် ပိုမိုကျန်းမာ၍ ပိုမိုကောင်းမွန်သော အနာဂတ်ရရှိစေရေး ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် (၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာစာတမ်းကို အတည်ပြုထုတ်ပြန်ခဲ့ကြသည်။ အဆိုပါ အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကျန်းမာရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၊ အနောက်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၈ မှ*

တနင်္သာရီ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ငါးနီတူ၊ ပုစွန်ငါးပိချက်၊ ဗာလချောင်ကြော်၊ ဆေးပေါ့လိပ်၊ ကော်ဖီ၊ ခေါက်ဆွဲခြောက်၊ လက်ဖက်အကြော်စုံ၊ ချိုချဉ် စသည့် စားသောက်ဖွယ်ရာ ပစ္စည်းများ လှူဒါန်းနိုင်ရေး ဝိုင်းဝန်းပြင်ဆင်ဆောင်ရွက်ခဲ့ကြသည့် အပြင် စားသောက်ဖွယ်ရာများနှင့်အတူ "တပ်မတော်သားများရဲ့ အောင်မြင်မှု၊ ပြည်သူလူထုရဲ့ ငြိမ်းချမ်းမှုများကို စောင့်မျှော်လျက် တပ်မတော်သားများကို ချစ်တဲ့ ပြည်သူတွေ အများကြီးရှိပါတယ်။ တပ်မတော်သားများရဲ့အောင်ပွဲဟာ ပြည်သူ့အောင်ပွဲပါ" စသည့် ဆုတောင်းမေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ခဲ့ကြသည်။

ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထားဝယ်ခရိုင်မှ ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၂၉၄၀၀၀၀၊ ပစ္စည်းတန်ဖိုးငွေကျပ် ၂၄၁၃၁၃၀၀ စုစုပေါင်းငွေကျပ် ၃၇၀၇၁၃၀၀၊ မြိတ်ခရိုင်မှ ပစ္စည်းတန်ဖိုးငွေကျပ် ၂၃၀၀၅၅၄၀၊ ကော့သောင်းခရိုင်မှ ပစ္စည်းတန်ဖိုးငွေကျပ် ၁၁၁၈၃၀၀၀၊ ဘုတ်ပြင်းခရိုင်မှ ပစ္စည်းတန်ဖိုးငွေကျပ် ၂၃၀၀၅၅၄၀ တို့ကို မေတ္တာဖြင့် ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့ပြင် ဩဂုတ် ၅ ရက်က တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် မန္တလေးတိုင်းဒေသကြီးအတွင်းမှ စေတနာရှင် အလှူရှင်များက ဂုဏ်ပြုပေးအပ်သည့် စားသောက်ဖွယ်ရာများကို မန္တလေးမြို့တော်စည်ပင်သာယာရေးရုံး မြို့တော်ခန်းမ၌ စနစ်တကျ ပြင်ဆင်ထုပ်ပိုးဆောင်ရွက်ကြရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က စားသောက်ဖွယ်ရာများကို ကိုယ်တိုင်ကြော်လှော်နေမှု၊ စနစ်တကျ ထုပ်ပိုးပြင်ဆင်နေမှုများကို တက်ညီလက်ညီ စိတ်အားထက်သန်စွာ ဝိုင်းဝန်းဆောင်ရွက်နေကြသည့် ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များမှ ဝန်ထမ်းများကို လိုက်လံကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုပေးအပ်သည့် အသင့်စားခေါက်ဆွဲထုပ်၊ လက်ဖက်ထုပ်၊ ကော်ဖီမစ်ထုပ်၊ ဆေးပေါ့လိပ်၊ မြေပဲကြော်ထုပ်၊ နှစ်ပြန်ပဲကြော်ထုပ်၊ ငါးနီတူကြော်ထုပ်၊ ငါးပိထောင်းဘူး၊ Royal-D ဓာတ်ဆားထုပ် စသည့် စုစုပေါင်းငွေကျပ် ၃၁၂ သိန်းကျော် တန်ဖိုးရှိ အစားအသောက်ကိုးမျိုးအပြင် စိတ်ဓာတ်ခွန်အား နိုးကြားတက်ကြွစေရန် "ကျန်းမာပါစေ၊ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် တိုက်ပွဲတိုင်း အောင်မြင်ပါစေ၊ တရားသောစစ် အောင်မြင်ပါစေ" စသည့် ဆုတောင်းမေတ္တာ စာလွှာများကိုလည်း ရေးသားထည့်သွင်းပေးပို့ကြသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အဆိုပါ စားသောက်ဖွယ်ရာ များကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ သွားရောက် ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ် အောင်ခိုင်ဝင်းက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ထို့အတူ ဩဂုတ် ၆ ရက်က ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် မွန်ပြည်နယ်အတွင်းမှ ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက စာနာမှု၊ စေတနာ၊ မေတ္တာအပြည့်ဖြင့် စုပေါင်းချက်ပြုတ်ကြော်လှော်ကြပြီး စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့ရုံး ရာမညခန်းမ၌ ပြင်ဆင်ဆောင်ရွက်ကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၁၂၅၂၅၀၀ တန်ဖိုးရှိ ငါးခြောက်ကြော်၊ ဗာလချောင်ကြော်၊ ငံပြာရည်ကြော်ဘူး၊ မားမားခေါက်ဆွဲခြောက်၊ ကော်ဖီမစ်၊ တီးမစ်၊ ပဲနို့၊ လက်ဖက်၊ ပုစွန်ခြောက်၊ ငါးခြောက်၊ အမယ်စုံ၊ မုန့်မျိုးစုံနှင့် အရေးပေါ်ဆေးဝါးများ စသည်တို့ကို ပေးအပ်လှူဒါန်းရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက လက်ခံရယူခဲ့သည်။

ထိုသို့ ရှေ့တန်းတွင် တိုက်ပွဲဝင်နေကြသည့် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် လှူဒါန်းကြသည့် စားသောက်ဖွယ်ရာများနှင့်အတူ ဝန်ထမ်းမိသားစုများက "တရားသောစစ် အမြန်ဆုံး အောင်မြင်ပါစေ။ တပ်မတော်သားများရဲ့ အောင်ပွဲဟာ ပြည်သူ့အောင်ပွဲပါ။ တပ်မတော်သားများ စစ်မြေပြင်မှ အန္တရာယ်ကင်းရှင်းစွာ အမြန်ဆုံး ပြန်လာနိုင်ပါစေ" စသည့် ဆုတောင်း မေတ္တာစာများကိုလည်း ပေးပို့ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ASEAN Sports Day 2024 အထိမ်းအမှတ်လမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲများကျင်းပ




**နေပြည်တော် ဩဂုတ် ၈**

ASEAN Sports Day အထိမ်းအမှတ် လမ်းလျှောက်ပွဲနှင့် အပြေးအားကစားပြိုင်ပွဲများကို ယနေ့နံနက် ၇ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း (Gold Camp) နှင့် လူငယ်အားကစား လေ့ကျင့်ရေးစခန်း (Youth Camp) မှ အားကစားသမားများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ပြေးလမ်းအတိုင်း စုပေါင်းလမ်းလျှောက်၍ ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲကြသည်။

ထို့နောက် ပြေးခုန်ပစ် အပြေးအားကစားပြိုင်ပွဲများ အဖြစ် အမျိုးသား/ အမျိုးသမီး (မီတာ ၁၀၀ ပြိုင်ပွဲ၊ မီတာ ၄၀၀ ပြိုင်ပွဲ၊ မီတာ ၈၀၀ ပြိုင်ပွဲ၊ မီတာ ၁၀၀ x ၄ လက်ဆင့်ကမ်း) ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း (Gold Camp) နှင့် လူငယ်အားကစား လေ့ကျင့်ရေးစခန်း (Youth Camp)တို့မှ အားကစားသမားများ၏ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နေမှုများကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သူများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဆုများပေးအပ်ချီးမြှင့်ပြီး**(ဝဲပုံ)** ပါဝင်ဆင်နွှဲခဲ့သူများကို အဆာပြေအအေးနှင့် မုန့်များ ပေးဝေခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၄) ကျင်းပ



နေပြည်တော် ဩဂုတ် ၈

**မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ အစည်းအဝေး (၁/၂၀၂၄) ကို ယနေ့နံနက် ၁၀ နာရီက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ လုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌနှင့် မသန်စွမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီကို ၂၀၁၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၂၄ ခုနှစ် မတ် ၁၈ ရက်တွင် ပြင်ဆင် ဖွဲ့စည်းထားရှိကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ(၅)နှစ် စီမံကိန်း (၂၀၂၂ - ၂၀၂၇) ကို သက်ဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌများဦးဆောင်၍ လုပ်ငန်းစီမံချက် (Action Plan) ရေးဆွဲခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် အတည်ပြုဖြန့်ချိထားရှိပြီး ဖြစ်ကြောင်းနှင့် လုပ်ငန်းများ အမှန်တကယ် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခြင်း ရှိ/ မရှိ သက်ဆိုင်ရာဆပ်ကော်မတီအလိုက် အကဲဖြတ် သုံးသပ်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မသန်စွမ်းအသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းလုပ်ငန်းကို အသေးစိတ်စိစစ်နိုင်ရေးအတွက် SOP (မူကြမ်း) ရေးဆွဲနိုင်ရေး Task Force အဖွဲ့အား သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ဘာသာရပ်ဆိုင်ရာ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မသန်စွမ်းသူများဆိုင်ရာအချက်လက်များ တိကျမှန်ကန်မှု ရှိစေရေးအတွက် မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းလုပ်ငန်းကို စီမံကိန်းမြို့နယ် ၁၈ ခုတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ စီမံကိန်းနယ်မြေခြောက်ခုတွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် မသန်စွမ်းသူမှတ်ပုံတင်လက်မှတ်ရရှိပြီးသူများကို မသန်စွမ်းထောက်ပံ့ကြေးများ ဆက်လက်ပေးအပ်သွားမည် ဖြစ်ကြောင်း၊ မသန်စွမ်း ကလေးသူငယ်များအတွက် ပုဂ္ဂလိကအထူးပညာသင်ကျောင်း/ဌာန ၂၉ ကျောင်းအားတည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးခဲ့ပြီး အဆိုပါကျောင်းများတွင် မသန်စွမ်းကလေးငယ်များအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကိုလေ့ကျင့်သင်ကြားပေးလျက် ရှိကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် လုပ်ငန်းကော်မတီဝင်၊ အတွင်းရေးမှူး(၁) ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြပြီး လုပ်ငန်း ကော်မတီဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးပညာရေးဒီဂရီကောလိပ်၌ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ် (၃/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကျင်းပ

**မကွေး ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် မကွေးပညာရေးဒီဂရီကောလိပ်တို့ပူးပေါင်းကျင်းပသည့် ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းအမှတ်စဉ် (၃/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၇ ရက်က မကွေးပညာရေးဒီဂရီကောလိပ်ရှိ ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးတင့်ဝေက ဥပဒေပညာပြန့်ပွားရေးကို ဆောင်ရွက်ခြင်းဖြင့် ဥပဒေရေးရာကိုင်တွယ်ဆောင်ရွက်မှုများတွင် အမှားအယွင်းနည်းပါး၍ အပြစ်ကင်းစင်ပြီး ဥပဒေများကို လေးစားလိုက်နာ ဆောင်ရွက်နိုင်ခြင်းဖြင့် အကျိုးထိရောက်သည့် လုပ်ဆောင်ချက်များနှင့် နိုင်ငံနှင့်ပြည်သူအတွက် ကောင်းကျိုးများဖန်တီးပေးနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။ **(အောက်ဝဲပုံ)**



ထို့နောက် မကွေးပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်လှိုင်က သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါသင်တန်းတွင် မကွေးပညာရေးဒီဂရီကောလိပ်မှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူ ၃၁၅ ဦးတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အကြောင်း၊ ရာဇသတ်ကြီး ဥပဒေနှင့်လက်နက်ဥပဒေ၊ စသည်တို့ကို မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ ဥပဒေအရာရှိများက ဩဂုတ် ၇ ရက်မှ ၁၀ ရက်အထိ လေးရက်ကြာ ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း သိရသည်။ **အောင်ကို(ဖန်ခါးမြေ)**

# “ မိုးစက်များ” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဩဂုတ် ၈**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ် တင်ဆက်ပေးလျက် ရှိရာ ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၉ ရက် ၊ သောကြာနေ့ ည ၉ နာရီခန့်တွင် “မိုးစက်များ” တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော် တေးသံရှင် ရသ၊ ရုပ်ရှင်သရုပ်ဆောင် နေဒွေး၊ တေးသံရှင် စောဒယ်နီရယ်နှင့် ရုပ်ရှင်သရုပ်ဆောင် မိုးပြည့်ပြည့်မောင်၊ တေးသံရှင်များဖြစ်ကြသည့် စျာန်ထူး၊ မေထူးကျော်၊ ချိုမီမီဇော်၊ ချစ်စုစံ၊ တုန်တုန်နှင့် ခင်ဘုဏ်းမြတ်သာတို့က မိုးသည်းထဲမှ အချစ်၊ အလွမ်း ဖြစ်ရပ်များ၊ ခန့်မှန်းရခက်သည့် မိုးနှင့်မိုးရာသီ ပုံရိပ်များကို ဖော်ကြူးရေးဖွဲ့ထားသည့် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့တွင်လည်း လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် ဩဂုတ် ၁၁ ရက် ၊ တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

- **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်

နေပြည်တော် ဩဂုတ် ၈

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။**

ထိုသို့ ပေးအပ်လျက်ရှိရာ ဩဂုတ်လ ၇ ရက်နှင့် ယနေ့တို့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန **(ယာပုံ)**၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့မှ ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းတစ်ရာနှင့် ငွေကျပ်သိန်း ခြောက်ဆယ်ကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်လေးဆယ့်နှစ်သိန်းနှင့် ငွေကျပ်ငါးဆယ့်ခုနစ်သိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ဝန်ထမ်းမိသားစုများက ငွေကျပ်လေးဆယ့်ခုနစ်သိန်းခြောက်သောင်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းတစ်ရာနှင့် ငွေကျပ်သိန်းငါးဆယ်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၉)ကျောင်းဆင်းအရာရှိမိသားစုများက ငွေကျပ်ကိုးဆယ့်ကိုးသိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ မြန်မာ - ထိုင်း - စင်ကာပူ-အမေရိကန်ရောက် အမျိုးသားရေးညီအစ်ကိုများက ငွေကျပ်ခုနစ်ဆယ့်တစ်သိန်းကို လည်းကောင်း၊ ဘုန်းစံကျော်အောင် ဆောက်လုပ်ရေးကုမ္ပဏီမှ မိသားစုများက ငွေကျပ်သိန်းသုံးဆယ်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များက တိုင်းမှူးထံ အသီးသီးဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



အဆိုပါ စားသောက်ဖွယ်ရာများအား ရှေ့တန်းစစ်မျက်နှာအသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှုပ်ရှုပ်ချချ တာဝန်ထမ်းလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းက MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၈**

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့တွင် စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံနှင့် ရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ဒေသခံပြည်သူအချို့မှာလည်း ယာယီနေရပ်စွန့်ခွာနေရသည်။

ထိုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု (War Crime) မြောက်သည့် လူမဆန်စွာ ရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းက သဘောထားထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၈) ရက်

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တိုက်ပွဲဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေကြသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးရကြောင်း ဝမ်းနည်းစွာ ကြားသိရပါသည်။

ပြည်သူလူထုအနေဖြင့် မည်သည့်နေရာဒေသ၊ မည်သည့်အခြေအနေတွင်မဆို ဘေးကင်းသော ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိခံစားရမည်ဖြစ်ပါသည်။ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်ပေးနေသည့် ဆေးရုံကို တိုက်ခိုက်ခြင်းအား ဆန့်ကျင်ကန့်ကွက်ပါသည်။

မိခင်နှင့်ကလေးများအပါအဝင် လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအား ထိခိုက်မှု မရှိစေရေး၊ ဘေးကင်းလုံခြုံရေးအတွက် အထူးအလေးထား ရှောင်ရှားပေးပါရန် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းက သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း

## ကြာအင်းဆိပ်ကြီးမြို့နယ်၌ ကောက်ရိုးချဉ်ဖတ်ပြုလုပ်နည်း သရုပ်ပြသခြင်းနှင့် တိရစ္ဆာန်အစာထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၈**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တိရစ္ဆာန်အစာပေါ်များစေရန် ကောက်ရိုးချဉ်ဖတ်ပြုလုပ်နည်းသရုပ်ပြသခြင်းနှင့် တိရစ္ဆာန်အစာ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့တွင် ကြာအင်းဆိပ်ကြီးမြို့နယ် မြို့နယ်ဦးစီးမှူးရုံး၌ ဆောင်ရွက်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသိန်းက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာစိုးလွင်က ကောက်ရိုးချဉ်ဖတ်ပြုလုပ်နည်းကို ရှင်းလင်းဆွေးနွေး၍ သရုပ်ပြသခြင်းကို ဆောင်ရွက်သည်။



ဆက်လက်၍ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ရေကြီးနစ်မြုပ်ခံရသော မွေးမြူရေးတောင်သူများအား တိရစ္ဆာန်အစာ ထောက်ပံ့ပေးအပ်ရာ အမှတ်(၃)ရပ်ကွက်၊ အမှတ် (၆) ရပ်ကွက်၊ မင်္ဂလာကုန်းကျေးရွာ၊ ရွှေလင်းကျေးရွာ၊ ဦးချွန်ကုန်းကျေးရွာရှိ မွေးမြူရေးတောင်သူ ၃၀ အား အသင့်သုံးဝက်စာ၊ နွားစာ၊ ကြက်စာ ၂၅၀၀ ကီလိုဂရမ် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဆင်ပေါင်ဝဲမြို့နယ်၌ အတွင်းတိမ်နှင့် မျက်စိရောဂါ အခမဲ့စမ်းသပ်စစ်ဆေးပေး

**ဆင်ပေါင်ဝဲ ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် အတွင်းတိမ်ကင်းစင်ပပျောက်ရေး စီမံချက်ရွာဖြစ်သည့် စည်ပင်လှစံပြကျေးရွာ၌ ယနေ့နံနက် ၇ နာရီတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက အခမဲ့ ကွင်းဆင်းကုသပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဒေါ်အေးဝင်းဝင်းခိုင်နှင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနအဖွဲ့များပူးပေါင်း၍ စည်ပင်လှစံပြကျေးရွာနေ မျက်စိလူနာ ၁၅၀ အား ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းတိမ်တွေ့ရှိလူနာ ၂၃ ဦးကို မကွေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ အခမဲ့ဆေးကုသခြင်း ဆောင်ရွက်သွားမည်ဖြစ်သည်။



ဆင်ပေါင်ဝဲမြို့နယ် စည်ပင်လှစံပြကျေးရွာ၌ အတွင်းတိမ်နှင့် မျက်စိရောဂါ အခမဲ့စမ်းသပ်စစ်ဆေးရာတွင် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီနှင့် ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ သွေးတိုး၊ ဆီးချိုနှလုံးရောဂါများစမ်းသပ်စစ်ဆေးကုသပေးခြင်းများလည်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခန့်ဝင်း(ပြန်/ဆက်)

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဩဂုတ် ၈**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

# တနင်္သာရီတိုင်းဒေသကြီး၌ (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဗဟိုအဆင့်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ထားဝယ် ဩဂုတ် ၈**

(၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၄) ကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ဆိုကရေးတီးသည် နိုင်ငံတော်အနေဖြင့် အရေးကြီးသော လုပ်ငန်းတစ်ရပ်ဖြစ်သည့်အတွက်ကြောင့် အားတက်သရော ပါဝင်ယှဉ်ပြိုင်လုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးတွင် ယခင်က ဝါသနာရှင်များ၊ ပညာရှင်များပေါ်ထွန်းခဲ့ပြီး ယခုအခါ တိမ်ကောပျောက်ကွယ်လုနီးပါး ဖြစ်နေသောကြောင့် ပညာရှင်များ ပေါ်ထွန်းလာအောင် ကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးဂုဏ်ဆောင်နိုင်ရေးအတွက် တိုင်းဒေသကြီးတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ပညာရှင်များ စုဆောင်းပြီး အကောင်းဆုံးလေ့ကျင့်၍ ဝင်ရောက်ယှဉ်ပြိုင်ရန်၊ နေပြည်တော်တွင် သွားရောက်ယှဉ်ပြိုင်သည့်အခါတွင် တိုင်းဒေသကြီး ဂုဏ်ဆောင်နိုင်အောင် ယှဉ်ပြိုင်ရန်လည်း လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်က ဖြည့်စွက်ဆွေးနွေးပြောကြားပြီး ကော်မတီဝင်များက လုပ်ငန်းကော်မတီအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



# ဧရာဝတီတိုင်းဒေသကြီးမှ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားသို့တက်ရောက်မည့် တိုင်းဒေသကြီးကိုယ်စားပြု လူငယ်အဖွဲ့အား တွေ့ဆုံ

# မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးလုပ်ငန်းနှင့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

**ပုသိမ် ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်မည့် တိုင်းဒေသကြီး ကိုယ်စားပြု လူငယ်အဖွဲ့အား တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ပြုလုပ်ရာ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုရေးရာဝန်ကြီးက အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး ကိုယ်စားပြု လူငယ်အဖွဲ့သည် လူငယ်များ၏ အခန်းကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည့်သူများဖြစ်၍ မိမိတို့၏ ကျရာကဏ္ဍတွင် ထဲထဲဝင်ဝင် ပါဝင်ဆွေးနွေးနိုင်ရန်နှင့် ဒေသအသီးသီးမှ လာရောက်သည့် လူငယ်ကိုယ်စားလှယ်အဖွဲ့များနှင့် တွေ့ဆုံစဉ် မိမိတို့ တိုင်းဒေသကြီး၏ ဖြစ်ပေါ် တိုးတက်မှုများကိုလည်း အမြင်ချင်းဖလှယ် ဆွေးနွေးကြစေလိုကြောင်း အမှာစကားများ ပြောကြားပြီး ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်သည်။



ဆက်လက်၍ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး လုပ်ငန်းနှင့် သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး**(အပေါ်ပုံ)**ကို ပြုလုပ်ရာ တိုင်းဒေသကြီး မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌနှင့် သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် အဓိကကျသည့် မဲစာရင်းမှန်ကန်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ကိုင်ဆောင်လက်မှတ် တစ်မျိုးမျိုး နိုင်ငံသားကတ်ပြား ကိုင်ဆောင် မဲပေးခွင့်ရရှိရေးအတွက် ပန်းခင်းစီမံချက်များဖြင့် ဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီးအနေဖြင့် ပန်းခင်း စီမံချက် (၁) နှင့် (၂) တို့ကိုသတ်မှတ်ကာလအတွင်း လျာထားချက် ရာနှုန်းပြည့် ဆောင်ရွက်နိုင်ပြီး ပန်းခင်းစီမံချက် (၃) ကိုလည်း သတ်မှတ်ကာလအတွင်း ရာနှုန်းပြည့်ပြီးစီးစေရေး တွန်းအားပေး ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းနှင့် ပတ်သက်ပြီး ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် အသိပညာပေး ဟောပြောပွဲများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်၊ သန်းခေါင်စာရင်းသင်တန်းများ သတ်မှတ်ကာလအတွင်း ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိရန်လိုကြောင်းနှင့် ဌာနဆိုင်ရာများမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် အမှာစကား ပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးက ပန်းခင်းစီမံချက် အဆင့် (၁/၂) ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ပန်းခင်းစီမံချက် အဆင့် (၃) ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ e-ID Server အတွင်းဆောင်ရွက်ရမည့် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ e-ID စနစ်ဖြင့် Biometric ကောက်ယူပြီးစီးမှု၊ မဲစာရင်းမှန်ကန်စေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးအတွက် အဆင့်ဆင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူးများက ပန်းခင်းစီမံချက်အဆင့် (၁၊ ၂၊ ၃) ဆောင်ရွက်ပြီးစီးမှုများ၊ e-ID Server အတွင်း ပြင်ဆင်၊ ဖြည့်စွက်ပြီးစီးမှု၊ မြေပြင်ကွင်းဆင်းကောက်ယူမှု အခြေအနေများ၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက် ဆွေးနွေးမှာကြားကာ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးလုပ်ငန်းနှင့် အိမ်အကြောင်းအရာနှင့် သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အသိပညာဗဟုသုတများ နှီးနှောဖလှယ်ခွင့်ရရှိပြီး ပိုမိုကောင်းမွန်သည့် အသိပညာ ဗဟုသုတများကို လူငယ်ထုကြား မျှဝေပေးစေလို

**မော်လမြိုင် ဩဂုတ် ၈**

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားသို့ မွန်ပြည်နယ် ကိုယ်စားပြု တက်ရောက်မည့် ထူးချွန်လူငယ်များအား ဩဝါဒအမှာစကား ပြောကြားခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးကအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အရည်အချင်းရှိသည့် လူငယ်များနှင့် တွေ့ဆုံပြီး အသိပညာ ဗဟုသုတများ နှီးနှောဖလှယ်ခွင့် ရရှိပြီး ပိုမိုကောင်းမွန်သည့် အသိပညာနှင့် ဗဟုသုတများကို လူငယ်ထုကြား မျှဝေပေးနိုင်ရေးကို အဓိကထား ဆောင်ရွက်ပေးစေလိုကြောင်း၊ ပြည်နယ်ကိုယ်စားပြု မောင်/မယ်များအနေဖြင့် အသိပညာ၊ အတတ်ပညာများ ပိုမိုတိုးပွားအောင် မွန်ပြည်နယ်၏ ဂုဏ်ကို ဆောင်နိုင်အောင် စည်းကမ်းရှိရှိ စည်းစည်းလုံးလုံးနှင့် လေ့လာမှတ်သားကြရန်နှင့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ ဟန်ချက်ညီညီ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားသို့ မွန်ပြည်နယ်ကိုယ်စားပြု တက်ရောက်မည့် ထူးချွန်လူငယ်များအတွက် ထောက်ပံ့ငွေကျပ် ၈၆၉၇၀၀၀ ကို ထောက်ပံ့ပေးအပ်ပြီး ထူးချွန်လူငယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ **(အပေါ်ပုံ)** လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**သက်နိုင်(မော်လမြိုင်)**

# အီသီယိုးပီးယားနိုင်ငံ၌ လူပေါင်း ၁၀ သန်းကျော်ကို ကာလဝမ်းရောဂါကာကွယ်ဆေး တိုက်ကျွေး



ကာလဝမ်းရောဂါကာကွယ်ဆေး တိုက်ကျွေးနေသည်ကို တွေ့ရစဉ်။

**အဒစ်အဘာဘာ ဩဂုတ် ၈**
အီသီယိုးပီးယားနိုင်ငံ၌ ကာလဝမ်းရောဂါ ကူးစက်ပျံ့နှံ့မှုကိုထိန်းချုပ်ရန် နိုင်ငံတစ်ဝန်းလှုပ်ရှားမှုအဖြစ် လူပေါင်း ၁၀ သန်းကျော်ကို ကာကွယ်ဆေးတိုက်ကျွေးခဲ့သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကပြောသည်။

၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ကာလဝမ်းရောဂါ စတင်ဖြစ်ပွားခဲ့ပြီး ယင်းသို့ဖြစ်ပွားပြီး နှစ်နှစ်အကြာတွင် ယခုလိုနိုင်ငံတစ်ဝန်းကာကွယ်ဆေးပေးမှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ဩဂုတ် ၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ ကာလဝမ်းရောဂါတိုက်ဖျက်ရေး အမျိုးသားကာကွယ်ဆေးတိုက်ကျွေးမှုကို အီသီယိုးပီးယားနိုင်ငံ ဒေသကြီးရှစ်ခုရှိ ခရိုင်ပေါင်း ၈၉ ခုတွင် ပြုလုပ်ခဲ့ပြီး ၉၈ ဒသမ ၄ ရာခိုင်နှုန်း လွှမ်းခြုံနိုင်သည်ဟု ကြေညာချက်တွင် ဖော်ပြခဲ့သည်။ လူပေါင်း ၁၀ ဒသမ ၁၉ သန်းကို ကာကွယ်ဆေးတိုက်ကျွေးနိုင်ခဲ့သည်။

အီသီယိုးပီးယား ပြည်သူ့ကျန်းမာရေးဌာနက ဦးဆောင်ပြုလုပ်သည့် ကာလဝမ်းရောဂါ တိုက်ဖျက်ရေးတွင် ရန်ပုံငွေပြတ်လပ်မှုများကြောင့် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ရသည်။ ရောဂါဖြစ်ပွားမှုကို ထိရောက်စွာ ထိန်းချုပ်နိုင်ရေး၊ ကောင်းမွန်သောရေဖြန့်ဝေပေးရေးစနစ်နှင့် သန့်ရှင်းရေးစနစ်များတွင် ကျယ်ကျယ်ပြန့်ပြန့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် တောင်းဆိုထားသည်။ ယခုနှစ်အတွင်း အီသီယိုးပီးယားနိုင်ငံတွင် ကာလဝမ်းရောဂါကြောင့် သေဆုံးသူ ၁၄၃ ဦးရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ပြောကြားချက်အရ သိရသည်။

ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ကာလအတွင်း ဝမ်းရောဂါဖြစ်ပွားသူ ၁၉၂၇၁ ဦးရှိသည်ဟု သိရသည်။ ကာလဝမ်းရောဂါသည် မသန့်ရှင်းသော အစားအစာ သို့မဟုတ် မသန့်ရှင်းသောရေကြောင့် ဖြစ်ပေါ်လာသည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှော ဖြစ်ပြီး ဝမ်းပျက်ခြင်းနှင့် ပြင်းထန်သော ရေဓာတ်ခန်းခြောက်ခြင်းကို ဖြစ်စေသည်။ မကုသဘဲထားပါက နာရီပိုင်းအတွင်း သေဆုံးနိုင်သည်။ **ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံမြောက်ပိုင်း တောင်တန်းထူထပ်သည့်နေရာတွင် ရေကြီးမြေပြိုမှုကြောင့် ကိုးဦးသေဆုံး

**ဟနွိုင်း ဩဂုတ် ၈**
ဩဂုတ်လအတွင်း ဗီယက်နမ်နိုင်ငံမြောက်ပိုင်း တောင်တန်းထူထပ်သည့်ဒေသတွင် မိုးသည်းထန်စွာရွာသွန်းမှု ဖြစ်ပွားခဲ့ပြီး ရေကြီးမြေပြိုမှုများကြောင့် ကိုးဦးထက်မနည်း သေဆုံးခဲ့သည်ဟု ဗီယက်နမ် သတင်းအေဂျင်စီတွင် ဩဂုတ် ၈ ရက်က ဖော်ပြထားသည်။



ဩဂုတ် ၁ ရက်မှ ၈ ရက်အတွင်း နေအိမ်ပေါင်း ၁၂၀ လုံး ပျက်စီးခဲ့ရသည်ဟု စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကို ကိုးကားကာ ဗီယက်နမ် သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

ယင်းဒေသတွင် နေရာပေါင်း ၁၇၀ ခန့် ရေတိုက်စားမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားစေခဲ့သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ဩဂုတ် ၁၇ ရက်အထိ မြောက်ပိုင်းဒေသ၌ မိုးဆက်လက် ရွာသွန်းဖွယ်ရှိသည်ဟု ခန့်မှန်းထားသည်။

ယခုနှစ်အစောပိုင်းမှ ဩဂုတ်လ ၅ ရက်မတိုင်မီအထိ ဗီယက်နမ်နိုင်ငံတွင် သဘာဝဘေးအန္တရာယ်ကြောင့် သေဆုံး၊ ပျောက်ဆုံးသူ ၁၁၁ ဦးရှိသည်ဟု အမျိုးသား သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး ဦးဆောင်ကော်မတီက ပြောသည်။ **ဆင်ဟွာ**

# တောင်ကိုရီးယားနိုင်ငံ၌ ကားထုတ်လုပ်ရေးကုမ္ပဏီလေးခုက ကားအစီးရေ ၁၇၂၀၀၀ ကို ပြန်လည်သိမ်းဆည်း

**ဆိုးလ် ဩဂုတ် ၈**
တောင်ကိုရီးယားနိုင်ငံ၌ ပြည်တွင်းနှင့်ပြည်ပ ကားထုတ်လုပ်ရေးကုမ္ပဏီကြီးများက ကားအစီးရေ ၁၇၂၀၀၀ ကို ထုတ်လုပ်မှုချွတ်ယွင်းချက်ကြောင့် ပြန်လည်သိမ်းဆည်းမည်ဟု သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ဩဂုတ် ၈ ရက်တွင် ပြောသည်။

ဘီအမ်ဒဗယ်လျူကိုရီးယားသည် မော်တော်ကားအစီးရေ ၁၁၃၁၉၇ ကို လေအိတ်ချွတ်ယွင်းမှုအတွက် ပြန်လည်သိမ်းဆည်းသွားမည်ဟု မြေယာ၊ အခြေခံအဆောက်အအုံနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ပြောသည်။

ဒုတိယတန်းခုံများတွင် ဝိုင်ယာကြိုးချွတ်ယွင်းမှုရှိသဖြင့် ဟွန်ဒိုင်းမော်တော်ကားကုမ္ပဏီမှ ကားအစီးရေ ၄၃၉၂၆ စီးကို ပြန်လည်သိမ်းဆည်းသွားမည်ဖြစ်သည်။ ကေဂျီအမ်ကော်မာရှယ်သည်လည်း စတီယာရင်စနစ် ချွတ်ယွင်းမှုကြောင့် လျှပ်စစ်ဘတ်စ်ကား ၅၂ စီးအား ပြန်လည်ပြင်ဆင်သွားမည်ဟု သိရသည်။

ယာဉ်ပိုင်ရှင်များသည် ချွတ်ယွင်းနေသော အစိတ်အပိုင်းများ အခမဲ့အစားထိုးပြုပြင်ရန် ဝန်ဆောင်မှုစင်တာများသို့ သွားရောက်နိုင်သည်ဟု သိရသည်။ **ဆင်ဟွာ**

# ရေနံတင်သင်္ဘောတစ်စင်း ဘာလီအပန်းဖြေကျွန်းအနီးတွင် မီးလောင်ပေါက်ကွဲပြီး သင်္ဘောသားငါးဦးသေဆုံး

**ဘာလီ ဩဂုတ် ၈**
အင်ဒိုနီးရှားနိုင်ငံ ဘာလီအပန်းဖြေကျွန်းအနီးတွင် ရေနံတင်သင်္ဘောတစ်စင်း ဩဂုတ် ၇ ရက်က မီးလောင်ပေါက်ကွဲခဲ့သော ကြောင့်သင်္ဘောသားငါးဦးသေဆုံးခဲ့ပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ဘာလီ အပန်းဖြေကျွန်းရှိ ကာရန်ဂါဆမ် ရဲစခန်းက အခင်းဖြစ်ပွားချိန်တွင် အဆိုပါသင်္ဘောသည် ကန်နီဒါဆာရေပိုင်နက် တီပီကောင်ကျွန်း အနီးတွင် မောင်းနှင်လျက် ရှိကြောင်းနှင့် အနောက်နူဆာတန်ဂါရာပြည်နယ်သို့ ဦးတည်မောင်းနေခြင်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။



ရေနံတင်သင်္ဘောသည် ဂီလီတီပီကောင်ဒေသသို့ ဒေသစံတော်ချိန် နံနက် ၃ နာရီခန့်က ရောက်ရှိလာချိန်တွင် ပေါက်ကွဲသံကြားခဲ့ရပြီး သင်္ဘောမှာ မီးများပြတ်တောက်သွားခဲ့သည်။

သင်္ဘောပေါ်တွင် မီးလောင်မှုဖြစ်ပွားခဲ့ပြီး အချို့မှာ မီးလောင်ခဲ့ကြောင်း ကာရန်ဂါဆမ် ရဲတပ်ဖွဲ့ ပြည်သူ့ဆက်ဆံရေးဌာနမှူး စစ်ဆေးရေးအရာရှိ အစ်တူအီဂီဒီဆူဂါဒါနာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အင်ဂျင်နီယာခန်း မီးလောင်ပေါက်ကွဲပြီးနောက် သိပ်မကြာမီ ဒုတိယပေါက်ကွဲမှုတစ်ခု ထပ်မံဖြစ်ပွားခဲ့ကြောင်း ဆူဂါဒါနာက ပြောကြားခဲ့သည်။

သင်္ဘော မီးလောင်ပေါက်ကွဲရသည့် အကြောင်းရင်းကို စုံစမ်း စစ်ဆေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

# အကြမ်းဖက်တိုက်ခိုက်မည့် ခြိမ်းခြောက်မှုကြောင့် ဩစတြီးယားနိုင်ငံ ဗီယင်နာတွင် ကျင်းပမည့် တေလာဆွစ်ဖ်၏ ဂီတဖျော်ဖြေပွဲ ဖျက်သိမ်း

**ဗီယင်နာ ဩဂုတ် ၈**
အကြမ်းဖက်တိုက်ခိုက်မည့် ခြိမ်းခြောက်မှုကြောင့် ဩစတြီးယားနိုင်ငံ ဗီယင်နာတွင်ကျင်းပမည့် အမေရိကန်ပေါ့ပ်အဆိုတော် တေလာဆွစ်ဖ်၏ ဂီတဖျော်ဖြေပွဲ ဖျက်သိမ်းခဲ့ရသည်။

တေလာဆွစ်ဖ်၏ ဥရောပခရီးစဉ်အဖြစ် အဆိုပါ ဂီတဖျော်ဖြေပွဲကို ကြာသပတေး၊ သောကြာ၊ စနေ စုစုပေါင်း သုံးရက်ကျင်းပရန် စီစဉ် ထားခဲ့သည်။ ဖျော်ဖြေပွဲပြုလုပ်မည့်နေရာတွင် အကြမ်းဖက်တိုက်ခိုက်မှု တစ်ခုပြုလုပ်မည်ဆိုသည့်သတင်းကို အစိုးရအရာရှိများက အတည်ပြုခဲ့ကြောင်း ပွဲစီစဉ်ကျင်းပသူတစ်ဦးက အင်စတာဂရမ်တွင် ဩဂုတ် ၇ ရက်က ဖော်ပြခဲ့သည်။

လူတိုင်း၏လုံခြုံရေးအတွက် စီစဉ်ထားသည့်ပွဲကို ဖျက်သိမ်းရန်မှလွဲပြီး တခြားမရှိတော့ကြောင်း ပွဲစီစဉ်သူက ပြောကြားခဲ့သည်။

ဩဂုတ် ၇ ရက်နေ့အစောပိုင်းတွင် ဩစတြီးယားရဲများက အကြမ်းဖက်မှုကို ကြိုးကိုင်ခြယ်လှယ်ရန် လုပ်ဆောင်နေသည့် သံသယရှိသူ နှစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း ပြောကြားခဲ့သည်။

သံသယရှိသူတစ်ဦးမှာ အသက် ၁၉ နှစ်သာ ရှိသေးပြီး အစ္စလာမ္မစ်စစ်သွေးကြွအုပ်စုကို သစ္စာခံထားသူတစ်ဦးဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ **အင်န်အိတ်ချ်ကေ**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားသို့ တက်ရောက်မည့် တိုင်းဒေသကြီး ကိုယ်စားပြုလူငယ်များနှင့် တွေ့ဆုံ

**ရန်ကုန် ဩဂုတ် ၈**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းသည် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားသို့ တက်ရောက်မည့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု လူငယ်များအား ယမန်နေ့ ညနေပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃) ၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ (ဓာတ်ပုံ)

ထို့နောက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အတွင်းရေးမှူး ဦးဇော်ဝင်းထွန်းက AI နည်းပညာနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က နေပြည်တော်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့သို့ သွားရောက်မည့် လူငယ်များရွေးချယ်ခဲ့ရမှုနှင့် သွားရောက်မည့်ခရီးစဉ်ကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ လူငယ်များနေ့ အခမ်းအနားတွင် လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာနှင့် အလုပ်အကိုင်အခွင့်အလမ်းကဏ္ဍဟူ၍ ဆွေးနွေးမည်ဖြစ်ရာ ကဏ္ဍတစ်ခုလျှင် လေးဦးဖြင့် ကဏ္ဍသုံးခု လူငယ် ၁၂ ဦးကို ရွေးချယ်ထားပြီး လူငယ်များအားလုံး ကဏ္ဍသုံးခု ခေါင်းစဉ်သုံးမျိုးကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E Mr. Abhay Thakur နှင့် အဖွဲ့က ဒဂုံမြို့နယ်ရှိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပင်လယ်ရေကြောင်းနှင့် လေကြောင်း ကုန်သွယ်ရေး ဆောင်ရွက်မည့် ကိစ္စရပ်များ၊ ယဉ်ကျေးမှု၊ ဘာသာတရားကိုးကွယ်မှုနှင့် ချစ်ကြည်ရင်းနှီးမှု ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ကြသည်။

**ဆန်းကျော်ဦး**

**(မြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ရန်ကုန်တိုင်းဒေသကြီး ငမိုးရိပ်ရေထိန်းတံခါးနှင့် ပဲခူးတိုင်းဒေသကြီး ရေကြီးနစ်မြုပ်မှုကာကွယ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဩဂုတ် ၆ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ရေထိန်းတံခါး ကွဲခိုင်မှုကို ကြည့်ရှုစစ်ဆေးပြီး ရေတံခါး၏ ရေထွက်လမ်းကြောင်းတစ်လျှောက် တိုင်းတာစစ်ဆေးရန်၊ ရေတံခါးတွင် နုန်းမတင်စေရန်အတွက် ရေတံခါးဖွင့် – ပိတ်ဇယား ရေးဆွဲဆောင်ရွက်ရန် လိုအပ်ချက်များ၊ မိမိတို့ဌာနမှ ထိန်းသိမ်းထားသည့် ဒဂုံမြို့သစ် မြို့နယ်များရှိ ရေတံခါးများ ရေထွက်ပေါက်များ၏ရေစီးရေလာကောင်းမွန်စေရေး စဉ်ဆက်မပြတ် ဂရုပြုဆောင်ရွက်ရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။



ထို့မှတစ်ဆင့် ပဲခူးတိုင်းဒေသကြီး၏ ရေဘေးကာကွယ်ရေး လုပ်ငန်းတစ်ခုဖြစ်သည့် ပဲခူးတာ မိုင်တိုင် ၂/၀ ရှိရေလွှဲပေါက်ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ဇူလိုင် ၂၈ ရက်က ပဲခူးမြို့နယ်တွင်ဖြစ်ပေါ်ခဲ့သည့် မြစ်ရေကြီးမှုကြောင့် စိုက်ပျိုးမြေ ဧရိယာ ၁၀၀၀၀ ခန့် ခေတ္တရေလွှမ်းမိုးမှု ကြုံတွေ့ခဲ့ရပြီး ယခုအခါ ရေများ တဖြည်းဖြည်း ကျဆင်းလာပြီဖြစ်ကြောင်း၊ ပဲခူး – စစ်တောင်း တူးမြောင်းမှတစ်ဆင့် ရေကြီးကွင်း ရေနက်ကွင်းများသို့ ခေတ္တရေနေ ရေထိုင်ပြုပြီးနောက် ကဝမြို့နယ်တွင် တည်ဆောက်ထားရှိသော ပိုင်ကျုံရေတံခါးနှင့် ရွှေလှေရေတံခါးတို့မှတစ်ဆင့် ပဲခူးမြစ်ရေကျဆင်းချိန်တွင် ပဲခူးမြစ်အတွင်းသို့ ပြန်လည်ကျဆင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပဲခူးမြို့နယ် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ပန်းလှိုင်–ပုဏ္ဏားစု–မုန်တိုင်းတာ၊ ကျောက်ကြီးစု–ညောင်ဝိုင်းတာများ၏ တာထိပ်နိမ့်ကျနေသည့် အပိုင်းများမှ မြို့တွင်းဧရိယာအတွင်းသို့ရေကျော်ဝင်ရောက်မှု မရှိစေရေးအတွက် ၁ ပေမှ ၃ ဒသမ ၅ ပေ အမြင့်ရှိသည့် သဲအိတ်နှင့် poly fiber sheet ကာရံထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲ(ပဲခူး) အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးဧရိယာများ၏ ရေကြီးနစ်မြုပ်ခဲ့မှု အခြေအနေ၊ သီးနှံ ထိခိုက်ပျက်စီးဆုံးရှုံးမှုနှင့် ရာသီချိန်မီ ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ သက်တမ်းတို စပါးများ စိုက်ပျိုးရန်အတွက် မျိုးစေ့ဖူလုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ရေကြီးမှုဖြစ်စဉ်နှင့် ပတ်သက်၍ စီမံဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

နှစ်သင်းစလုံးတွင် ပွဲရလဒ်အဖြေကို အချိန်မရွေး ပြောင်းလဲနိုင်စွမ်းရှိသည့် အရည်အသွေးမြင့် ထိပ်တန်းကစားသမား အများအပြားရှိသောကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာမည်မှာ သေချာသည်။ ပြိုင်ပွဲတစ်လျှောက်တွင်လည်း ပြင်သစ်အသင်းက သွင်းဂိုး ၁၁ ဂိုး သွင်းယူထားနိုင်သလို စပိန်အသင်းကလည်း သွင်းဂိုး ၁၁ဂိုး သွင်းယူထား နိုင်သည်။

ပြင်သစ်အသင်းတွင် စောင့်ကြည့်ရမည့် ကစားသမားအဖြစ် တိုက်စစ်ကစားသမား မာတီတာနှင့် ကွင်းလယ်တိုက်စစ်ကစားသမား မိုက်ကယ် အိုလစ်တို့ရှိပြီး မာတီတာက ပြိုင်ပွဲတစ်လျှောက် လေးဂိုးသွင်းယူထားပြီး အိုလစ်က ပြိုင်ပွဲတစ်လျှောက် ဂိုးဖန်တီးမှု လေးကြိမ် ပြုလုပ်ထားသည်။ စပိန်အသင်းတွင် စောင့်ကြည့်ရမည့် ကစားသမားအဖြစ် ကွင်းလယ်တိုက်စစ်ကစားသမား လိုပက်ဇ်ရှိပြီး ပြိုင်ပွဲတစ်လျှောက် လေးဂိုးသွင်းယူပေးထားနိုင်သည်။

ပါရီအိုလံပစ်၂၀၂၄ အမျိုးသားယူ–၂၃ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ခြေရည်တူနှစ်သင်း တွေ့ဆုံမှုဖြစ်သည့်အတွက် အမှားအယွင်းနည်းပြီး ရရှိလာမည့် အခွင့်အရေးကို အမိအရအသုံးချကာ ဂိုးအဖြစ် ပြောင်းလဲနိုင်သည့် အသင်းသာ နိုင်ပွဲ ရရှိဖွယ် ရှိသည်။

**အောင်ဇော်**

# ချမ်းမြသာစည်မြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အသိပညာပေး

**မန္တလေး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက် ပုညနန္ဒာဓမ္မာရုံ၌ ဩဂုတ် ၇ ရက်က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းအသိပညာပေးဟောပြောပွဲ ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းထွန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူ စုစုပေါင်း ၂၀၀ တက်ရောက်သည်။

ရှေးဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကား ပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းနှင့်ပတ်သက်၍ ပြည်သူများအား အသိပညာပေး ဟောပြောရှင်းလင်းခြင်းနှင့် တက်ရောက်လာသည့် ပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (မြန်/ဆက်)**



□ *ကျောဖုံးမှ*

ယခုတစ်ပတ်တွင် MNL စတင်ကတည်းက ပြိုင်ဘက်များဖြစ်ခဲ့သည့် ရတနာပုံနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေသလို ဇယားထိပ်ဆုံးမှ ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ ကစားပုံမာကျောသည့် အား/ကာသိပ္ပံအသင်းနှင့် ပွဲကျပ်ကစားရမည်ဖြစ်သည်။ ထို့အတူ ဒုတိယနေရာမှ ဟံသာဝတီယူနိုက်တက်အသင်းမှာလည်း အဝေးကွင်းကစားရမည်ဖြစ်သည်။ သစ္စာအားမာန်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း တွေ့ဆုံမှုကလည်း စိတ်ဝင်စားစရာ ကောင်းနေသည်။

ပွဲစဉ် (၅) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်တို့ ရမှတ် ၁၃ မှတ်စီ ရရှိထားသော်လည်း ဂိုးကွာခြားချက်ဖြင့် ရှမ်းယူနိုက်တက်အသင်းက ဆက်လက်ဦးဆောင်ကာ ဟံသာဝတီအသင်းက ဒုတိယနေရာတွင် ရပ်တည်နေသည်။ ယင်းနှစ်သင်း နောက်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ၁၁ မှတ်၊ ရတနာပုံအသင်းက ၁၀ မှတ်၊ အား/ကာသိပ္ပံအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့က ကိုးမှတ်စီ၊ မဟာယူနိုက်တက်အသင်းက ခုနစ်မှတ်၊ ဧရာဝတီယူနိုက်တက်၊ Dagon Port နှင့် မြဝတီအသင်းတို့က လေးမှတ်စီ၊ ရခိုင်ယူနိုက်တက်အသင်းက တစ်မှတ်ရရှိထားကာ သစ္စာအားမာန်အသင်းမှာမူ ငါးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ **ရှိုင်းထက်ဇော်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

*စာအုပ်စင်ကဏ္ဍ*

## ငါတို့လိုချင်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်(ရှင်းတမ်း) စာအုပ်သစ်ထွက်ရှိ

**စာရေးသူ စိန်ဝင်းအောင် (မန္တလေး)၏ "ငါတို့လိုချင်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် (ရှင်းတမ်း)" စာအုပ်သည် ယခင်ထုတ်ဝေခဲ့ပြီးသော ငါတို့လိုချင်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်စာအုပ်ကို ထပ်မံဖြည့်စွက်ချက်များဖြင့် ထုတ်ဝေလိုက်သော စာအုပ်သစ်ဖြစ်သည်။**

"ငါတို့လိုချင်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် (ရှင်းတမ်း)" စာအုပ်တွင် ယခင်ထုတ်ဝေခဲ့သော "ငါတို့လိုချင်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်" စာအုပ်နှင့်ပတ်သက်၍ စာရေးသူ စိန်ဝင်းအောင်(မန္တလေး) နှင့်အတူ စာရေးဆရာများဖြစ်သော စစ်နွေ၊ မောင်မျိုးထွန်း (မြင်းခြံ)၊ သောင်းဝေဦး၊ ဗိုလ်မှူးကြီးစိုးဝင်း (ငြိမ်း)၊ မောင်ချစ်အေး၊ ဦးသိုက်ထွန်းထူး (ရေစကြို) တို့၏ သုံးသပ်ချက်များနှင့် ချစ်နိုင်(စိတ်ပညာ)၏ အမှာစာကို ဖော်ပြထားသည့်အပြင် စိန်ဝင်းအောင်(မန္တလေး)၏ "ငါတို့လိုချင်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် (၁)၊ (၂)၊ (၃)၊ (၄)၊ ယနေ့မြန်မာနိုင်ငံနှင့် ရွေးကောက်ပွဲများ၊ အမျိုးသားရေးစွမ်းအား (National Power)၊ အမျိုးသားလုံခြုံရေးနှင့် နိုင်ငံတော်ကာကွယ်ရေး စသည့် ဖြည့်စွက်ဆောင်းပါးအသစ်များ ပါဝင်သည်။

ငါတို့လိုချင်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်စာအုပ်ကို မြန်မာပြည်သူများအပေါ် ထားရှိသော စေတနာအစစ်အမှန်ဖြင့် ရေးသားခဲ့ကြောင်း၊ သမိုင်းမှာဖြစ်ခဲ့သော ဖြစ်စဉ်များအပေါ် ကြိုက်ခြင်း၊ မကြိုက်ခြင်းဆိုသည့် ဆန္ဒစွဲမပါဘဲ ရေးသားတင်ပြခဲ့ကြောင်း၊ သမိုင်းထဲမှ အမှားများကို ဖယ်ထုတ်ပြီး အမှန်ကို ပွားများရယူစေရန် ရည်သန်ခဲ့ကြောင်း၊ ယနေ့ကမ္ဘာတွင် ကမ္ဘာ့ပြည်သူများအပေါ် အနိုင်ယူမှုကို ဖယ်ရှားနိုင်သည့်အရာမှာ ပြည်သူ့ဆန္ဒဖော်ထုတ်နိုင်သော လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲဖြစ်ကြောင်း၊ ပြည်သူကိုအုပ်ချုပ်စီမံမည့် ပုဂ္ဂိုလ်များကို ရွေးချယ်ရာတွင် မြန်မာပြည်ကို ချစ်မြတ်နိုးသူများကို ရွေးရန်၊ အချုပ်အခြာအာဏာကို ကာကွယ်မည့်သူများကို ရွေးရန်၊ မြန်မာနယ်နိမိတ်ကို ထိန်းသိမ်းမည့် သူများကို ရွေးရန်၊ ပြည်သူလူထု၏ စီးပွားရေးဘဝကို မြှင့်တင်ပေးနိုင်မည့်သူများကို ရွေးရန်၊ လယ်သမား၊ အလုပ်သမားနှင့် ပြည်သူလူထုကို သနားကြင်နာတတ်ပြီး ဘဝမြှင့်တင်ပေးနိုင်မည့်သူများကိုရွေးရန် စသည့်စဉ်းစားစရာအချက်များကို တင်ပြခဲ့ကြောင်း၊ မိမိဆန္ဒမဲပေးလိုသူကို ရွေးချယ်ရပိုမိုလွယ်ကူစေရန် စဉ်းစားစရာ အရေးကြီးအချက်အလက်အချို့ကို ယခုထုတ်ဝေသည့် "ငါတို့လိုချင်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်(ရှင်းတမ်း)" စာအုပ်တွင် ဖြည့်စွက်ထားကြောင်း စာရေးသူ၏ အမှာစာတွင် ဖော်ပြထားသည်။




"ငါတို့လိုချင်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်(ရှင်းတမ်း)" စာအုပ်တွင် သုံးသပ်ချက်နှင့် ဆောင်းပါးပေါင်း ၁၉ ပုဒ်ကို မှတ်တမ်း ဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ဖော်ပြထားပြီး စာမျက်နှာ ၁၇၀ ခန့် ပါဝင်သည်။ ကျောက်တံတားမြို့နယ်ရှိ ရောဝဏ်စာအုပ်တိုက်က ၂၀၂၄ ဇူလိုင်လအတွင်း ထုတ်ဝေပြီး စာအုပ်တန်ဖိုးမှာ ကျပ် ၄၅၀၀ ဖြစ်သည်။

မြန်မာ့အလင်း

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဩဂုတ် ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၀-၈-၂၀၂၄ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၆)၊ အမှတ်(၃၂) တွင် အခြားသူများကဲ့သို့ စွမ်းဆောင်နိုင်စွမ်းမရှိဟု စိတ်အားငယ်နေရာမှ သူ၏အစွမ်းအစကို သိရှိသွားသော ဘဲလေး အကြောင်းကို ရေးဖွဲ့ထားသည့် "အစွမ်းကိုယ်စီ" မျက်နှာဖုံးကာတွန်း၊ အသံလှိုင်းများဖြစ်ပေါ်လာပုံနှင့် အသံလှိုင်း၏ အတိုးအကျယ်ကို ဗဟုသုတဖြစ်ဖွယ် ရေးဖွဲ့ထားသည့် "အသံလှိုင်း" သုတဆောင်းပါး၊ ကျောင်း အားလပ်ရက်တွင် ရပ်ကွက်သန့်ရှင်းရေးလုပ်ရာ၌ အကူအညီပေးခဲ့သော မိဆုတို့ သူငယ်ချင်းများ အကြောင်းကို ရေးဖွဲ့ထားသည့် "မိဆုနဲ့မိုးရာသီ" နှစ်မျက်နှာ ကာတွန်း၊ မိမိတို့၏ အယူအဆ အမှားကြောင့် သူတစ်ပါး ဒုက္ခရောက်အောင် လုပ်ဆောင်မိ၍ နောင်တရသွားသော မောင်ကြီးနှင့် မောင်ငယ်တို့ ညီအစ်ကိုနှစ်ဦး အကြောင်းကို ရေးဖွဲ့ထားသည့် "ညီအစ်ကိုနှစ်ဦးနှင့် မြည်းလေး" ပုံပြင်၊ ရွှေသွေးဂျာနယ်တွင် ထည့်သွင်းနိုင်ရန် စာရေးဆရာများနှင့် ကာတွန်း ဆရာများထံမှ စာမူနှင့် ကာတွန်းဒီဇိုင်းများ ပို့ပေးနိုင်ရန် ကြော်ငြာသည့် "ရွှေသွေးဂျာနယ်သို့ စာမူနှင့် ကာတွန်းဒီဇိုင်းများပေးပို့ရန် ဖိတ်ခေါ်ခြင်း" ကြော်ငြာ၊ မုန့်ကိုတက်သော ပုရွက်ဆိတ်များသည်




လက်ဆေး မထားသောကြောင့် ပုရွက်ဆိတ် တက်ထားသော မုန့်ကိုမစားလိုသော ဖိုးတစ်တိုအကြောင်းကို ဟာသဖြစ်ဖွယ် ရေးဖွဲ့ထားသည့် "ဖိုးတစ်တို" တစ်မျက်နှာကာတွန်း၊ အစ်မဖြစ်သူ၏ စကားကိုနားမထောင်ဘဲ အပြင်ထွက်၍ ကစားမိသဖြင့် ခွေးလိုက်ခံခဲ့ရသော လင်းထက်အကြောင်းကို ရေးဖွဲ့ထားသည့် "လင်းထက်- လိမ္မာပါ" နှစ်မျက်နှာကာတွန်း၊ ခွင့်စာကို လိမ်ညာရေးသဖြင့် ဆရာမ၏ အပြစ်ပေးခြင်းကိုခံရသည့် ဘုန်းဆင့်သူ အကြောင်းကို ရေးဖွဲ့ထားသည့် "ဘုန်းဆင့်သူပါဝင်သော ခွင့်စာ" နှစ်မျက်နှာကာတွန်း၊ ပြောင်းရွှေ့နေထိုင်မည့် အိမ်အသစ်တွင် ရေဖွင့်ပေးရန် ရေပေးဝေရေးကုမ္ပဏီအား အကြောင်းကြားပုံကို ပြောဆိုပုံအမျိုးမျိုးနှင့် ရေးဖွဲ့ထားသည့် "ရွှေသွေးစကားဝိုင်း" အင်္ဂလိပ်စာကဏ္ဍ၊ ကလေးလက်ရာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။

**သတင်းစဉ်**

## ပေါင်မြို့နယ်၌ လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်း ပြုလုပ်

**ပေါင် ဩဂုတ် ၈**

မွန်ပြည်နယ် ပေါင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဩဂုတ် ၈ ရက်က ပေါင်မြို့နယ် (အထက) ကော့ကရင်ကျောင်း၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

လူငယ် စကားဝိုင်းတွင် (အထက) ကော့ကရင် ကျောင်းအုပ်ဆရာမကြီး ဒေါ်စန္ဒာမော်က အမှာစကားပြောကြားပြီး ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရှင်းလင်းပြောကြားသည်။

**ပြန်လည်ဖြေကြား**

ယင်းနောက် လူငယ်စကားဝိုင်းကို ကျင်းပရာ ပေါင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ




ဒေါ်တင်ဇာစိုးက အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး (အထက) ကော့ကရင်ကျောင်းမှ Grade – 9 ကျောင်းသူ မရှုပါလင်းက လူငယ်နှင့်ပညာရေး၊ Grade– 10 ကျောင်းသား မောင်ကျော်ဝဏ္ဏထွေးက လူငယ်နှင့် စာဖတ်ခြင်း၊ Grade– 12 ကျောင်းသူ မသက်ဖူးဝေက လူငယ်နှင့် ကျန်းမာရေး၊ Grade– 12 ကျောင်းသူ မဖြူသွယ်သွယ်ကျော်က လူငယ်နှင့် ပလတ်စတစ်ညစ်ညမ်းမှုကြောင့် ဇီဝမျိုးစုံမျိုးကွဲနှင့် အဏ္ဏဝါဂေဟစနစ် ထိခိုက်မှုဆိုင်ရာ အချက်အလက်များ၊ Grade– 12 ကျောင်းသား မောင်ဝိုင်းချစ်ထွေးက လူငယ်နှင့် နည်းပညာအကြောင်းတို့ကို ဆွေးနွေးကြပြီး ကျောင်းသား ကျောင်းသူများ သိရှိလိုသည့် မေးခွန်းများကို ပြန်လည်ဖြေကြားပေးသည်။

ယနေ့ကျင်းပသော လူငယ်စကားဝိုင်းသို့(အထက)ကော့ကရင်ကျောင်းမှ ဆရာ ဆရာမများ အပါအဝင် ကျောင်းသား ကျောင်းသူ ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**

**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## သာယာဝတီမြို့နယ်တွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပြိုင်ပွဲများ ကျင်းပ

**သာယာဝတီ ဩဂုတ် ၈**

ကျောင်းသား လူငယ်များ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ စာဖတ်သည့်ဓလေ့၊ စာကြည့်တိုက်များသို့ ဝင်ထွက်သွားလာသည့် အလေ့အကျင့်များ ဖြစ်လာစေရန် ရည်ရွယ်၍ ကျပန်းစကားပြောပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (သာယာဝတီ+ထားဝယ်)တို့ ပူးပေါင်းကာ ယနေ့နံနက် ၉ နာရီက စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ ဆရာစံခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (သာယာဝတီ+ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မိုးထွဋ်က အမှာစကား ပြောကြားပြီး သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်စန္ဒာမိုးက ပြိုင်ပွဲများ ကျင်းပပြုလုပ်ရခြင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ယှဉ်ပြိုင်ပွဲကျင်းပကြပြီး ဆုရရှိသော ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ ပြိုင်ပွဲများသို့ စိုက်ပျိုးရေးနှင့်မွေးမြူသိပ္ပံ(သာယာဝတီ+ထားဝယ်)မှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၃၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "U Naing Htun" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်နေ နိုင်လင်းထွန်းအား ည ၉ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ "Hnin Ea Krai" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ အမရပူရမြို့နယ်၊ ကျန်တန်းရပ်ကွက်နေ နှင်းနှင်းအေးအား ည ၉ နာရီ ၂၅ မိနစ်တွင် လည်းကောင်း၊ "ဝဏ္ဏာထွန်း (Wanna Tun)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ် (၁၀) ရပ်ကွက်နေ ထွန်းရီအား ည ၈ နာရီ ၅၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ နှစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်

**ရန်ကုန် ဩဂုတ် ၈**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သော အခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့က သက်ဆိုင်ရာ နိုင်ငံသံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံ အဘူဒါဘီမြို့သို့ သွားရောက် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မအိအိထွန်းနှင့် မအိဇင်ထွန်းတို့ ညီအစ်မနှစ်ဦးအား **(အောက်ပုံ)** အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရေး မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ယူအေအီးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးမှုအရ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူနှစ်ဦးသည် ဩဂုတ် ၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဒူဘိုင်း-ရန်ကုန် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ပြီး ရန်ကုန်မြို့သို့ ည ၁၀ နာရီ ၁၀ မိနစ်တွင် ရောက်ရှိခဲ့သည်။




